# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၅)၊ အမှတ်(၀၉၂)


## အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၈၀ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) နှင့် အပိုင်း (၂) တွင် ပါဝင်သည့် မြို့နယ်များအတွက် မဲဆွယ်စည်းရုံးခွင့်ကာလနှင့် ရပ်နားထားရမည့်နေ့ရက်များကို ၂၈-၁၁-၂၀၂၅ ရက်နေ့တွင် ကြေညာချက် ( ၁၅၁/၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) တွင် ပါဝင်သည့် မြို့နယ် ၆၃ မြို့နယ်စာရင်းကို ၂၅-၁၂-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် ( ၁၇၀/၂၀၂၅ )ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သဖြင့် ရွေးကောက်ပွဲအပိုင်း (၃)တွင် ပါဝင်သည့် မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**


**အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံသစ်ကို တည်ဆောက်**
ဆောင်းပါး | စာ ၆

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**
ဆောင်းပါး | စာ ၁၀

**၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကား**
ပြည်တွင်းသတင်း | စာ ၁၃

**အမေရိကန်က ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထောက်ပံ့ကူညီမည်**
နိုင်ငံတကာသတင်း | စာ ၁၄




အထက(ရွှေသောင်ယံ)၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အားကစားပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ရွှေသောင်ယံမြို့ အထက(ရွှေသောင်ယံ)၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပ

ရွှေသောင်ယံ ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အထက(ရွှေသောင်ယံ)၌ ယနေ့နံနက်ပိုင်းက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

အဆိုပါအားကစားပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများ၏ ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း အထက(ရွှေသောင်ယံ)ကျောင်းအုပ်ဆရာကြီး ဦးရဲလင်းကျော်က ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ✪

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၅၄ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ကယားပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၅၅ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**ကယားပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဦးစိန်ဦး အား ကယားပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလရော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❂ ရှေ့ဖုံးမှ

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ကျောင်းအုပ်ဆရာကြီးဦးဆောင်ကာ ဆရာ ဆရာမများက စီစဉ်ဆောင်ရွက်ပေးပြီး ပိုက်ကျော်ခြင်းအားကစားနည်း၊ ထုပ်ဆီးတိုးအားကစားနည်း၊ ကြိုးခုန်အားကစား၊ မုန့်စားပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်အားကစား၊ ဆန်ကောရွက်ပြိုင်ပွဲ၊ မူလတန်းကလေးများ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အာလူးကောက်အားကစားနည်း စသည်ဖြင့် အားကစားနည်းမျိုးစုံကို ထည့်သွင်းကျင်းပပေးရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ရွှေသောင်ယံ (ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရေဝတီအနည်ကျချိုင့်ဝှမ်း၊ မုတ္တမအနည်ကျချိုင့်ဝှမ်းတို့နှင့် ဆက်စပ်သည့် မြန်မာ့ကမ်းလွန်ဒေသများတွင် နည်းပညာတိုးတက်လာသည်နှင့်အညီ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနေမှုများကို ပိုမိုတိကျစွာ ရှာဖွေတွေ့ရှိလာမှုကြောင့် ယင်းဒေသများတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လျက်ရှိပါကြောင်း၊ ယခုအခါ Andaman ကျွန်းအနီးတဝိုက်တွင်လည်း အိန္ဒိယနိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း၊ မိမိတို့နှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံခေါင်းဆောင်များအကြား သဘောတူညီထားသည့် စွမ်းအင်ကဏ္ဍတွင်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်၍ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေး အချိန်အခါကောင်းဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာ့ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းများတွင် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ရုရှားနှင့် အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နေပါကြောင်း၊ မိမိတို့နိုင်ငံအပြင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်လည်း သဘာဝဓာတ်ငွေ့လိုအပ်ချက်များ မြင့်တက်နေသည့်အတွက် မြန်မာ့ကမ်းလွန်လုပ်ကွက်များတွင် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးနည်းပညာနှင့် အရင်းအနှီးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ပြောကြားပြီး သက်တမ်းရင့် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် နည်းပညာအသုံးပြု၍ ထုတ်လုပ်မှုမြှင့်တင်ရေး၊ မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းမှရရှိမည့် ရေနံစိမ်းကိုရယူပြီး ရေနံချက်စက်ရုံအသစ် ပူးပေါင်းတည်ဆောက်မည့်စီမံကိန်း၊ ရေနံချက်စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❑ ရှေ့ဖုံးမှ

မဲဆွယ်စည်းရုံးခြင်းကို ၁၂ - ၁ - ၂၀၂၆ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၃ - ၁ - ၂၀၂၆ **ရက်နေ့ ည ၁၂၀၀ နာရီအချိန်မှ ၂၅ - ၁ - ၂၀၂၆ ရက်နေ့ အပိုင်း (၃) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရပ်နားထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲ အပိုင်း (၃) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၃ - ၁ - ၂၀၂၆ ရက်နေ့ ည ၁၂၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးခွင့်သတ်မှတ်ကာလအတွင်း လက်ကမ်းစာစောင်များ ရေးသားပုံနှိပ် ထုတ်ဝေဖြန့်ချိခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ၊ ဗီနိုင်းပိုစတာများစိုက်ထူချိတ်ဆွဲခြင်း၊ စုဝေး ဟောပြောခွင့်နှင့် မီဒီယာများမှ မဲဆွယ်စည်းရုံးခွင့်တို့ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၀-က နှင့် နည်းဥပဒေ အခန်း ( ၁၀ ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း (၁) နှင့် (၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက်များတွင် ဖြုတ်သိမ်းပေးရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်း မရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့်ညှိနှိုင်း၍ ကြော်ငြာ၊ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပါသည်။ ယင်းသို့ ကြော်ငြာ၊ ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာနိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပေ (၁၈၀) တံတားသစ်ဖွင့်ပွဲ၊ ကုန်ထုတ်လမ်းဖွင့်ပွဲနှင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**



(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ၊ ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံး ငွေရင်းရန်ပုံငွေတို့ဖြင့် တည်ဆောက်ခဲ့သော နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်ပင်သာ-ရွာတော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Submersible Bridge ပေ (၁၈၀) ရေနိမ့် တံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအတွင်း ကျေးလက်လမ်း တံတားများ ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားကာ ကျေးရွာသူကျေးရွာသားများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) တံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ တပ်ကုန်းမြို့ "လှ" ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်း၏ "လှ" ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် ညောင်ပင်သာ ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့သည့် အုန်းပင်စုကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲသို့ တက်ရောက်ပြီး ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကုန်ထုတ်လမ်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ဦးဆောင်ကော်မတီအတွင်းရေးမှူးက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် (၃) လအတွက် ကုမ္ပဏီအလိုက် ထောက်ခံပေးထားသည့် မြေဩဇာနှင့် ပိုးသတ်ဆေး တန်ချိန်များ မှတ်တမ်းတင်ပေးနိုင်ရန်နှင့် ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက မြေဩဇာနှင့် ပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးရောင်းချမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

ထို့နောက် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ ကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ဝင် ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဦးစီးဌာနများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘားအံတက္ကသိုလ်၌ ဆောင်းရာသီပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ကျင်းပ

ဘားအံ ဒီဇင်ဘာ ၃၀

**ကရင်ပြည်နယ် ဘားအံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ယမန်နေ့က ဘားအံတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။**



ဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက ဆောင်းရာသီပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကျင်းပမှုနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံ အမျိုးသားအသင်း ငါးသင်း၊ အားကစားသမား စုစုပေါင်း ၂၅ ဦးဖြင့် ဒီဇင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်ပန်းတောင်းမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ ပြိုင်ပွဲများ ကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ လေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ လက်ပံပင် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် IPS-II ကိုယ်ပိုင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၀ ဦး၊ အလယ်တန်းအဆင့် ၁၉ ဦးနှင့် ကဗျာပြိုင်ပွဲတွင် အထက်တန်းအဆင့် ငါးဦး၊ အလယ်တန်းအဆင့် ၁၀ ဦး စုစုပေါင်း ၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်ဖျက်တွေ မျှော်လင့်သလို ဖြစ်မလာခဲ့သော ဒီမိုကရေစီ ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ၃၁-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၇-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို ဖမ်းဆီး ငွေညှစ် ခြားပြတိုက်နေတဲ့ PDF ခြားပြအကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်ရေး၊ နွားမျိုးကောင်းမျိုးသန့်များ ပွားများလာစေရန် ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် ဆောင်ရွက်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ နွားများ၏ သားအောင်နှုန်းကို လေ့လာဆန်းစစ်ခြင်း၊ အရည်အသွေး အကဲဖြတ်စစ်ဆေးခြင်းနှင့် သားအောင်ရန် လိုအပ်သည်များကို စီမံဆောင်ရွက်ခြင်းဖြင့် နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း စီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယခုစီမံကိန်းတွင် ဆောင်ရွက်ခဲ့သည့် နွားအမများ၏ မျိုးပွားအင်္ဂါလမ်းကြောင်းများကို ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးသုံးသပ်ခြင်း၊ Ultrasound စက်ကြီးများ၊ Hormone စမ်းသပ်ကိရိယာများ၊ မြိုင်လာမှုအခြေအနေကို စစ်ဆေးသောကိရိယာများနှင့် မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးစစ်ဆေးစနစ်များကို အသုံးပြုခြင်းအားဖြင့် နွားများ၏ မျိုးပွားမှုအခြေအနေကို တိကျမှန်ကန်စွာ သိရှိနိုင်ပြီး မျိုးပွားချိန်ကို မှန်ကန်စွာရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ စက်ကိရိယာများဖြင့် စနစ်တကျစစ်ဆေးခြင်းကြောင့် မျိုးမအောင်မှုပြဿနာများ လျော့နည်းစေကာ မျိုးကောင်း၊ မျိုးသန့်၊ မျိုးမြင့်တိရစ္ဆာန်များ တိုးတက်ပွားများလာစေပြီး နိုင်ငံတော်၏ သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုရာ ရောက်မည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းကာလ ပြီးဆုံးသွားပြီဖြစ်သော်လည်း စီမံကိန်းမှရရှိခဲ့သည့် သုတေသနရလဒ်များကို လက်တွေ့နယ်ပယ်တွင် ဆက်လက်အသုံးချပြီး တစ်နိုင်ငံလုံးက နွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်ရေး၊ နွားမျိုးကောင်းမျိုးသန့်များ ပွားများလာစေရန် အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပါမောက္ခ ဒေါက်တာစိုးဝင်းနိုင်နှင့် တာဝန်ရှိသူများက စီမံကိန်းရေးဆွဲခဲ့သည့် ရည်ရွယ်ချက်နှင့်စီမံကိန်း work plan ပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် သုတေသနလေ့လာမှုနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များ၊ စီမံကိန်းတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် နွားများ၏ ကျန်းမာရေးစောင့်ရှောက်ရာတွင် ကုသခြင်းဆိုင်ရာ တွေ့ရှိချက်များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စီမံကိန်းပြီးမြောက်အောင် ဆောင်ရွက်ရာတွင် ပါဝင်ခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၇)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းရပ်များကိုတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအပေါ် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံအကြီးစားပြုပြင်နေမှုနှင့် စစ်တွေမြို့ နာရီစင်(အဟောင်း)ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ် လွှတ်တော် အဆောက်အအုံ အကြီးစားပြုပြင်နေမှုနှင့် စစ်တွေမြို့ နာရီစင် (အဟောင်း) ပြုပြင်မွမ်းမံခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်အဆောက်အအုံအကြီးစားပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတစ်ဦးက အကြီးစားပြုပြင်နေမှု၊ ပြီးစီးနေမှု၊ ဆက်လက်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွှတ်တော်အဆောက်အအုံ ပင်မဆောင်၊ အစည်းအဝေးခန်း၊ ရုံးခန်းများ၊ လွှတ်တော်ရိပ်သာ၊ ထမင်းစားဆောင်ပြုပြင်နေမှုကို စစ်ဆေးပြီး လွှတ်တော်ဝင်းအတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စစ်တွေမြို့ နာရီစင်(အဟောင်း) ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို ရှင်းလင်းတင်ပြပြီး တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့တည်နှစ် (၂၀၀) ပြည့် ပွဲတော်ကျင်းပမည် ဖြစ်သည့်အတွက် နာရီစင်အား အများပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန် စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

**ဓာတ်ပုံ- ဝင်းမင်းစိုး**

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံသစ်ကို တည်ဆောက်

ကိုရင်မောင်

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါနိုင်ငံ၏ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးစွမ်းအားများ ကောင်းမွန်ရန် လိုအပ်သည်။ နိုင်ငံရေးအင်အားကောင်းမွန်လျှင် နိုင်ငံတည်ငြိမ်အေးချမ်းမည်။ စီးပွားရေးအင်အားကောင်းမွန်လျှင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်။ နိုင်ငံရေး၊ စီးပွားရေးအင်အားကောင်းမွန်လျှင် ကာကွယ်ရေးအင်အားလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ကာကွယ်ရေးအင်အားကောင်းမွန်လျှင် တင့်တယ်မော်ကြွားသော နိုင်ငံဖြစ်လာမည်။ မိမိတို့၏ အချုပ်အခြာအာဏာကို မည်သူမျှ ထိပါးစော်ကားခြင်းမပြုနိုင်သည့် နိုင်ငံဖြစ်လာမည်။ ထို့ကြောင့် အဓိကကျသည့် နိုင်ငံ့စီးပွားတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံရေးနှင့် ကာကွယ်ရေးတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။**

- **လက်ရှိတွင် နိုင်ငံရေးအရ ပြည်တွင်း၌ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံဖန်တီးပြီး စီးပွားရေး ထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ပြည်ပမှ ဖန်တီးနေကြသည်။ ယင်းအခြေအနေတွင် နိုင်ငံတော်က မိမိနိုင်ငံအတွင်းရှိ သယံဇာတနှင့် အရင်းအမြစ်များ၏ စွမ်းအားများကို အသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
- **ကိုယ်ပိုင်အရင်းအမြစ်များ နည်းပါးလာသည်နှင့်အမျှ စီးပွားရေးတွင်ထိခိုက်ပြီး အခြားကဏ္ဍမျိုးစုံ တို့တွင်ပါ အားနည်းလာမည်ကို သတိပြုရမည်**
- **နိုင်ငံတော်၏ သယံဇာတများနှင့် အခြေခံကောင်းများကိုအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ဖို့သာလို**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်စဉ်အချိန်အခါက အမျိုးသားခေါင်းဆောင်များ၏ နိုင်ငံရေးအရ ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပြင်းထန်သည့် လူငယ်လူရွယ်များနှင့် တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်မှုတို့ဖြင့် လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ကြသည်။ နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်အတွက် ခနအင်အားပြည့်စုံရန်လိုသည်။ ထိုစဉ်က တိုင်းပြည်၏ ခနအင်အားသည် ကျုံးကျော်နယ်ချဲ့တို့ လက်ဝယ်တွင် ရှိသဖြင့် လက်ရုံးရည်၊ နှလုံးရည်ကိုသာအားကိုးပြီး တိုင်းတစ်ပါး အကူအညီဖြင့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးသောအခါ တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးကို ပြာပုံဘဝမှ ပြန်လည်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

### သမိုင်းတွင် ကြုံတွေ့ခဲ့

နိုင်ငံလွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးနှင့် ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရသလို ရရှိပြီးသော လွတ်လပ်ရေးအရှည်တည်တံ့ခိုင်မြဲစေရန်နှင့် နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ အေးချမ်းသာယာဝပြောသည့် နိုင်ငံတည်ဆောက်ရန်အတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောအချက်ဖြစ်သည်။ စီးပွားရေးကောင်းမွန်ပါမှ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံအဖြစ် အရှည်တည်တံ့နိုင်မည်ဖြစ်သည်။ တိုင်းပြည်စီးပွားရေးကောင်းမွန်မှုမရှိပါက ပြည်သူများ၏ လူမှုစီးပွားဘဝကျပ်တည်းလာပြီး အထွေထွေမကျေနပ်မှုများဖြစ်ပေါ်လာကာ တည်ငြိမ်အေးချမ်းမှုပျက်ပြားမည်။ ထိုမှတစ်ဆင့် နိုင်ငံရေးပယောဂအမျိုးမျိုး ပူးကပ်လာပြီး တိုင်းပြည်အချုပ်အခြာအာဏာ ထိပါးစေနိုင်သည့်အဖြစ်မျိုးကို သမိုင်းတွင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရသဘောထားကွဲလွဲမှုများဖြစ်ခဲ့သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီများနှင့် ပါတီခေါင်းဆောင်များ အကွဲအပြဲဖြစ်ကြသည်။ ပြည်ထောင်စုပြိုကွဲမည့်အရေး၊ အချုပ်အခြာအာဏာ ထိခိုက်မည့်အရေးအပေါ် တပ်မတော်က ကျားကုတ်ကျားခဲကြိုးပမ်းကာကွယ်ခဲ့ရသည်။ တပ်မတော်သည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် နိုင်ငံရေးစနစ်မျိုးစုံတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီခေတ်က စီးပွားရေးကောင်းမွန်သော်လည်း နိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိသောကြောင့် အရာမရောက်သလို ဖြစ်ခဲ့ရသည်။

### တိုင်းပြည်ပြိုကွဲလုနီးပါး

ပါလီမန်ဒီမိုကရေစီခေတ်ပြီးသည့်နောက်တွင် ဆိုရှယ်လစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးခဲ့သည်။ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များရှိသလို အားနည်းချက်များလည်းရှိခဲ့သည်။ မြန်မာ့နည်း၊ မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီဗဟိုဦးစီးစနစ်ကို ကျင့်သုံးသဖြင့် နိုင်ငံရေးထွက်ပေါက်ပိတ်သူများ၏ မကျေနပ်မှု၊ စီးပွားရေးစီမံကိန်းစနစ်ကြောင့် စီးပွားရေးထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍတွင် ပါတီဝင်များကိုသာ ဦးစားပေးမှုကြောင့် မကျေနပ်မှု စသည်တို့ရှိခဲ့သည်။ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ အားနည်းမှုများ၊ စီးပွားရေးအရ ပိတ်ပင်ထားမှုများကြောင့် မှောင်ခိုစီးပွားရေးစနစ်ပေါ်ပေါက်လာခြင်း၊ သယံဇာတများကို ခိုးထုတ်ရောင်းချခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် အထွေထွေမကျေနပ်မှုများဖြစ်ပေါ်လာပြီး ၁၉၈၈ ခုနှစ်တွင် တိုင်းပြည်ပြိုကွဲလုနီးပါး လှိုင်းကြီးလေထန်ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင်ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တပ်မတော်က အုတ်မြစ်ချပေးခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပပေးကာ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သည်။ အစိုးရက ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့သည်။ တပ်မတော်က အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီ ပထမအစိုးရအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီကျင့်သုံးချိန်တွင် မကျေနပ်ချက်များကို အတိတ်၊ ပစ္စုပ္ပန် ရောထွေးပြီး အတိုက်အခံပြုလုပ်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်တွင် ဒီမိုကရေစီ ဒုတိယအစိုးရ တာဝန်ယူသောအခါ စီမံခန့်ခွဲမှု အတွေ့အကြုံ အားနည်းမှု၊ ပြည်ပအထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်ပြီး ပြည်တွင်းစီးပွားရေးကို အားမပေးမှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမရှိမှု၊ နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်အတိုင်း ဩဇာခံဆောင်ရွက်ခဲ့မှုတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရသည်။

### ဝင်ငွေပိုမိုတိုးတက်ရရှိ

ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံများအပေါ် ဩဇာလွှမ်းမိုးနိုင်အောင် နိုင်ငံတိုးတက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍအား ထိန်းချုပ်နိုင်အောင် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိအစိုးရ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ချိန်တွင် စီးပွားရေးအရ ပိတ်ဆို့မှုများရှိခဲ့ပြီး ပြည်ပထောက်ပံ့မှုများ များစွာ လျော့နည်းသွားသည်ကို တွေ့ရသည်။ ထို့အပြင် ပြည်ပနိုင်ငံများသို့ ပေးဆပ်ရန် ကျန်ရှိနေသော ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ရေး ဆောင်ရွက်ခဲ့ရသည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်၍ ပြည်ပသို့ ပို့ကုန်များတင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခဲ့ရသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ပြီး ဝင်ငွေပိုမိုတိုးတက်ရရှိလာအောင် တွန်းအားပေးလျက်ရှိသည်။

အဆိုပါ အခြေအနေများသည် အတိတ်ကာလနှင့် မျက်မှောက်ကာလ၌ နိုင်ငံရေးအရ ပြောင်းလဲဖြစ်ပေါ်လာသော ခေတ်အဆက်ဆက် အစိုးရများ၏ အခြေအနေများနှင့် ထိုခေတ်ထိုကာလများ၏ စီးပွားရေးဖြစ်ပေါ်မှုအခြေအနေများဖြစ်သည်။ နိုင်ငံ့စီးပွားရေး ဆုတ်ယုတ်မှုသည် တိုင်းပြည်အတွက် ထိခိုက်နစ်နာစေသလို တစ်ဆက်တည်းတွင် နိုင်ငံရေးအရ ရိုက်ခတ်မှုများရှိလာပြီး တိုင်းပြည်တည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာကိုပါ ထိခိုက်လာနိုင်သည့်အခြေအနေများ ရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်က ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့် နည်းတူ တိုင်းပြည်ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာအောင်၊ စီးပွားရေးကို အထူးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### စီးပွားရေး တိုးတက်အောင်

လက်ရှိတွင် နိုင်ငံရေးအရ ပြည်တွင်း၌ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ပြည်ပမှ ဖန်တီးနေကြသည်။ ယင်းအခြေအနေတွင် နိုင်ငံတော်က မိမိနိုင်ငံအတွင်းရှိ သယံဇာတနှင့် အရင်းအမြစ်များ၏ စွမ်းအားများကိုအသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကိုယ်ပိုင်အရင်းအမြစ်များ နည်းပါးလာသည်နှင့်အမျှ စီးပွားရေးတွင်ထိခိုက်ပြီး အခြားကဏ္ဍမျိုးစုံတို့တွင်ပါ အားနည်းလာမည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးသည် အရေးပါသည့်အချက်ဟု ရှုမြင်နိုင်သည်။ နိုင်ငံတော်၏ သယံဇာတများနှင့် အခြေခံကောင်းများကိုအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့သာလိုသည်။

ယနေ့ကာလ၌ ကမ္ဘာပေါ်ရှိ နိုင်ငံအချို့တွင် နိုင်ငံရေး မတည်ငြိမ်မှုများနှင့် ကြုံတွေ့နေသည်။ နိုင်ငံရေးမတည်ငြိမ်မှု၏ အဆုံးသတ်တွင် စီးပွားရေးအကျပ်အတည်းဖြစ်မှုကို ဦးတည်လေ့ရှိသည်။ ယင်းကို ပြည်ပနယ်ချဲ့လက်သစ်နိုင်ငံများက ကြိုတင်စီမံပြီး ၎င်းတို့အကျိုးစီးပွားကို ဖန်တီးနေကြသည်။ ထို့ကြောင့် ပြည်ပအမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးနိုင်သည့် လူသားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်အောင် ကြိုးစားမှသာ မိမိနိုင်ငံ၏ ကိုယ်ပိုင်သယံဇာတများနှင့် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်နှင့် သယံဇာတများ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ရာ အဆိုပါအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပါက လျင်မြန်သော စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည့် အလားအလာကောင်းများ များစွာရှိသည်။

### မဟာဗျူဟာကျ

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် သဘာဝတွင်းထွက်သယံဇာတပစ္စည်းများနှင့် အဖိုးတန်ကျောက်မျက်ရတနာများ ရှေးယခင်ကာလများမှ ယနေ့အချိန်တိုင်အောင် ရှိနေဆဲဖြစ်သည်။

*စာမျက်နှာ ၇ သို့*

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော် မဲပေးစက်များ ပြန်လည်အပ်နှံထားရှိမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ရှိ မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိရာနေရာသို့ သွားရောက်ပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်များကို စနစ်တကျ ပြန်လည်အပ်နှံထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ရုံး၌ မြန်မာအီလက်ထရောနစ်မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများက စနစ်တကျစစ်ဆေး၍ ပြန်လည်အပ်နှံထားရှိမှုနှင့် မဲပေးစက်တွင် အသုံးပြုခဲ့သည့် ၁၂ ဗို့ ဘက်ထရီအိုးများကို ပြန်လည်အားသွင်း၍ စစ်ဆေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာမြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ မဲစာရင်း အမှတ်စဉ်နံပါတ်များကို အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း လိုက်လံပေးအပ်သွားရန်နှင့် မဲရုံများတွင် အသုံးပြုရန် ရောက်ရှိလာသည့် မဲပေးစက်များကို ကြိုတင်စစ်ဆေး ဆောင်ရွက်ထားကြရန်နှင့် အောင်မြင်စွာ ကျင်းပပြီးလုပ်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။



ယင်းနောက် တက်ရောက်လာသည့် ပြည်နယ်/ ခရိုင်/ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အပိုင်း(၂)ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် မြို့နယ်အလိုက်ရရှိသည့် ခိုင်လုံဆန္ဒမဲများအား လွှတ်တော်အလိုက် ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲစာရင်းပုံစံ(၁၉)နှင့် ပုံစံ(၁၉-က)များ ပြုစုဖြည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

ကျောက်မျက်ရတနာကဲ့သို့ ထင်ရှားသည့် ရတနာသိုက်များ ကမ္ဘာ့မြေပုံပေါ်တွင် မှတ်တမ်းရှိသည်။ သဘာဝဓာတ်ငွေ့သိုက် ကုဗပေ ၁၈ ထရီလီယံနှင့် ယှဉ်တွဲလျက် ရေနံသိုက်စည်ပေါင်း ၃ ဒသမ ၂ ဘီလီယံရှိပြီး အာရှ၏ စွမ်းအင်ပိုင်ဆိုင်သော နိုင်ငံဖြစ်သည်ဟုဆိုသည်။ အများစုမှာ ကမ်းလွန်ပင်လယ်ပြင်တွင် တွေ့နိုင်သော်လည်း ကုန်းတွင်းပိုင်းတွင်လည်း ရေနံထွက်ရှိနိုင်ကြောင်း၊ စုစုပေါင်းနိုင်ငံ့ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်ကို ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ကြီးကြီးမားမား ဖြည့်ဆည်းပေးနိုင်ကြောင်း သိရပြီး မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တုမမြောက် ဆန်အများဆုံးထွက်ရှိသော နိုင်ငံဖြစ်သဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် အာရှတွင် အဓိကအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်ကို တွေ့နိုင်သည်။

**“မြန်မာနိုင်ငံသည် ပေါများကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်များ လုံလောက်စွာရှိသည့်အပြင် ထူးခြားသောပထဝီဝင်စီးပွားရေး တည်နေရာအရ အာရှနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ပေါင်းကူးတံတားဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်သလို အိန္ဒိယနိုင်ငံနှင့်လည်း အထူးခိုင်မာသောဆက်ဆံရေးရှိသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံသည် အလားတူ ယဉ်ကျေးမှုအစဉ်အလာထွန်းကားသော အိန္ဒိယ၊ တရုတ်၊ ရုရှားနိုင်ငံကြီးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်း ပြည်ပ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်”**

မြန်မာနိုင်ငံသည် ပေါများကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်များ လုံလောက်စွာရှိသည့်အပြင် ထူးခြားသောပထဝီဝင်စီးပွားရေး တည်နေရာအရ အာရှနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ပေါင်းကူးတံတားဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်သလို အိန္ဒိယနိုင်ငံနှင့်လည်း အထူးခိုင်မာသောဆက်ဆံရေးရှိသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံသည် အလားတူ ယဉ်ကျေးမှုအစဉ်အလာ ထွန်းကားသော အိန္ဒိယ၊ တရုတ်၊ ရုရှားနိုင်ငံကြီးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်း ပြည်ပဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

**သာယာဝပြောမှုဖြစ်မည်**

၂၀၂၅ ခုနှစ်အကုန်တွင် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်တို့သည် အကောင်းဘက်သို့ အပေါင်းလက္ခဏာဆောင်လာသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုလက်တွဲပြီး အကြမ်းဖက်သောင်းကျန်းသူ ချုပ်ငြိမ်းရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည်။ အကြမ်းဖက်မှုများ ရှိနေလင့်ကစား ဒီမိုကရေစီ အရပ်ဘက်အုပ်ချုပ်ရေးကို ပုံဖော်ပေးသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အထမြောက်အောင် ဆောင်ရွက်နေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ၏ စောင့်ကြည့်အကဲခတ်မှုအောက်၌ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်မည်မှာသေချာသည်။ ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းဖြင့် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကိုရရှိကာ တိုင်းပြည်အရှိန်အဟုန်ဖြင့် တိုးတက်မှုကိုရစေမည့် မောင်းနှင်အား ဖြစ်လာမည်။ အောင်မြင်သော အသွင်ကူးပြောင်းရေးမှတစ်ဆင့် အာရှတစ်လွှားဒေသတွင်း သာယာဝပြောမှုကို ဖြစ်ပေါ်လာစေနိုင်မည်ဖြစ်သည်။

သို့ဆိုပါလျှင် ကမ္ဘာပေါ်တွင် နိုင်ငံရေး၊ စီးပွားရေးဖိအားများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများရှိနေလင့်ကစား မြန်မာနိုင်ငံတွင် ပဋိပက္ခများ၊ နှောင့်ယှက်တိုက်ခိုက်မှုများ ရှိလင့်ကစား မိမိတို့နိုင်ငံ၏ ပေါများကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး အဓိကကျသည့် စီးပွားရေးမောင်းနှင်အားကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးမောင်းနှင်အား ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပြီး ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကာ တိုင်းပြည်ဖျက်ဆီးသူများ၊ အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်နှင့် ပြည်သူ အတူလက်တွဲပြီး အပြီးတိုင် ချေမှုန်းရှင်းလင်းကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ကာ တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုမည့် နိုင်ငံရေးအင်အားစုများ ပိုမိုတိုးတက်ထွန်းကားလာစေရန်အတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သလို အပိုင်း (၂) နှင့် (၃) တို့ကို အလားတူ ကျင်းပ၍ မြန်မာကို ကမ္ဘာက တန်ဖိုးထားဆက်ဆံလာမည့်၊ လွတ်လပ်ရေးနှင့်ထိုက်တန်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းလာတော့မည်ဖြစ်ရာ နိုင်ငံ၏အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်နိုင်ငံသစ်ကို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများအား တွေ့ဆုံအားပေး



**ရန်ကုန် ဒီဇင်ဘာ ၃၀**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သီဟဒီပအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အားကစားခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့ထံ အားကစားခန်းမ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် အားကစားခန်းမ တည်ဆောက်သည့် Mettle Zone Co.,Ltd မှ တာဝန်ရှိသူများက အားကစားခန်းမဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူပြီး Fitness Dance၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ရိုးရာခြင်းလုံးအားကစားအဖွဲ့များက သရုပ်ပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ သိန်း ချီးမြှင့်ပေးအပ်ကြသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၉ နည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ရေကူး၊ ပြေးခုန်ပစ်၊ စစ်တုရင်၊ အလေးမ၊ ဂိုးလ်ဘော၊ ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ သေနတ်ပစ်၊ ဘိုစီယာနှင့် ဘိုးလင်း စသည့် အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အုပ်ချုပ်နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ **(ဓါတ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် အသုံးပြုမည့် အထောက်အကူပြု ပစ္စည်းများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲဝင်ဝတ်စုံ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက အားကစားအောင်နိုင်ရေး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အားကစားနည်းများအလိုက် ယခင်ပြိုင်ပွဲများ၏ စံချိန်၊ စံညွှန်းများ၊ စံနှုန်းများထက် ပိုမိုသာလွန်ကောင်းမွန်နေမှုအခြေအနေ၊ စားသောက်၊ နေထိုင်၊ သွားလာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ(၅/၂၀၂၅) အစည်းအဝေးနှင့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ(၅/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပြည်တွင်းပြည်ပ ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ရေရှည်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ပေးရေးနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းအားပေး ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ခနောက်စိမ်းသတ္တုသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဝဥအလွှာခြောက်နှင့်အမှုန့် ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းမှ စုစုပေါင်းမတည်ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခွင့် ဆောင်ရွက်ရန်၊ ရာနှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရော်ဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်းမှ ရင်းနှီးမြှုပ်နှံသူ အမည်ပြောင်းလဲခွင့်နှင့် အစုရှယ်ယာ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုရန်တို့ကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဝင်များက ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဖြည့်စွက် ဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## မချမ်းဘောမြို့နယ်၌ ရွေးကောက်ပွဲနှိုးဆော်ရေး ဒို့အတူတူမဲပေးကြမယ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ

**မချမ်းဘော ဒီဇင်ဘာ ၃၀**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း၊ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးအတွက် ရွေးကောက်ပွဲနှိုးဆော်ရေး အသိပညာပေး ဒို့အတူတူမဲပေးကြမယ် သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက မချမ်းဘောမြို့ လူစည်ကားရာနေရာ နံနက်ခင်းဈေးတွင်လည်းကောင်း၊ ညနေ ၃ နာရီက မချမ်းဘောမြို့ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများထံအရောက် အသိပညာပေးဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေမှုကို မချမ်းဘောမြို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတူးဂျာနှင့် ဌာနဆိုင်ရာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစီးအရာရှိ ဦးမိုးအောင်နှင့် အဖွဲ့ဝင်များက ပူးပေါင်းဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **ယောရွှေနီ(မချမ်းဘော)**



**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တိုင်းဒေသကြီး မီးသတ်စခန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးငြိမ်းသတ်ယာဉ်များ၊ ရေသည်ယာဉ်များ အသင့်ပြင်ဆင်ထားရှိမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ သရုပ်ပြသမှု ကြည့်ရှုအားပေး

**မုံရွာ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး မီးသတ်စခန်း၌ မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိကျေးရွာများမှ ပြည်သူများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးငြိမ်းသတ်ယာဉ်များ၊ ရေသည်ယာဉ်များ အသင့်ပြင်ဆင်ထားရှိမှုနှင့် တိုင်းဒေသကြီး မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါမီးသတ်စခန်းရှိ မုံရွာမြို့အား ၂၄ နာရီ မီးဘေးအန္တရာယ်စောင့်ကြည့်ရေး Control Center နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ထားရှိသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်လျင်မြန်၊ မြန်ဆန်ရန်အတွက် လေ့ကျင့်ရေး အဆောက်အအုံ တည်ဆောက်ထားရှိမှုကိုလည်းကောင်း၊ မီးသတ်စခန်းဝင်းအတွင်းရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ စားဝတ်နေရေးသာသက်ချောင်ချိရေးအတွက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ဒေသကြက်၊ ဘဲ၊ မန်ဒါလီများ မွေးမြူထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလလူထုလှုပ်ရှားမှု အထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စည်ပင်သာယာရေးအသင်းနှင့် မုံရွာပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ Fitness Dance ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း၊ ဒုတိယဆုရရှိခဲ့သည့် စည်ပင်သာယာရေးအသင်းနှင့် ပထမဆုရရှိခဲ့သည့် မုံရွာသူနာပြုနှင့်သားဖွားသင်တန်းကျောင်းအသင်းတို့က Fitness Dance အကများဖြင့် ဖျော်ဖြေကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးက Fitness Dance အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စည်ပင်သာယာရေးအသင်းက မုံရွာပညာရေးဒီဂရီကောလိပ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# Naypyitaw State Academy ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စီးပွားရေးပညာမဟာဌာန မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

Naypyitaw State Academy၊ စီးပွားရေးပညာ မဟာဌာန၏ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်က နှစ်ပိုင်းခွဲ၍ ကျင်းပရာ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ သင်တန်း၊ စီမံမှု တာဝန်ရှိသူများ၊ ဝါဏိဇ္ဇဗေဒ၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာ၊ ဘောဂဗေဒ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာနှင့် စီးပွားရေးပညာအထူးပြု ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများက မင်းနေပြည်က တက္ကသိုလ်သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

ထို့နောက် Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာ နုနုလွင်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Naypyitaw State Academy ကို ဝင်ရောက်လာကြသည့် ကျောင်းသား မောင်မယ်များကို Naypyitaw State Academy က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ စီးပွားရေးပညာရပ်များကို အထူးပြုတက်ရောက်ခွင့်ရရှိကြသော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း သက်မွေးဝမ်းကျောင်း ဘာသာရပ်များကို သင်ကြားဆည်းပူးလေ့လာခွင့်ရရှိကြသူများဖြစ်သဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို သယ်ပိုးထမ်းရွက်နိုင်သည့် ပညာရှင်များ ဖြစ်လာစေရန် ကြိုးစားသင်ယူလေ့လာကြရန် တိုက်တွန်းပြောကြားလိုကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ သင်တန်းရေးရာ၊ စီမံရေးရာမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေး၍ သင်တန်းရေးရာဌာန ဌာနမှူး ဒေါ်ယဉ်မင်းသန့်က သင်တန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက္ကသိုလ် ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။

Naypyitaw State Academy တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ သံတမန်ရေးရာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ နျူကလီးယားရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာ၊ လူမှုရေးပညာ၊ အားကစားပညာနှင့် ဆေးပညာ အထူးပြုဘာသာရပ်များ၏ ပထမနှစ်မှ နောက်ဆုံးနှစ်ဂုဏ်ထူးတန်းအထိ ဘွဲ့ကြိုသင်တန်းများ၊ မဟာအရည်အချင်းစစ် သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူအားလုံး ပါဝင်မဲပေးနိုင်စေရေး အသိပညာပေးဟောပြော

**ပေါင် ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူအားလုံး ပါဝင်မဲပေးနိုင်စေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ပြုလုပ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ အတွင်းရေးမှူး ရဲမှူး အောင်ဆွေဦး၊ အဖွဲ့ဝင် ဗိုလ်မှူးကျော်နိုင်ဦး၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဂျူးနီတာဇော်နှင့် ပေါင်မြို့ပေါ်ရပ်ကွက်မှ ဒေသခံပြည်သူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်က နိုင်ငံသားပီသစေရန်နှင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် မဲစာရင်းကြည့်ရှုကြရန်နှင့် ရွေးကောက်ပွဲ၌ ပါဝင်မဲထည့်ဝင်သွားကြရန် ဆွေးနွေးပြောကြားပြီး အဖွဲ့ဝင် ဗိုလ်မှူးကျော်နိုင်ဦးက အဖျက်အမှောင့်သမားများနှင့် ဆန့်ကျင်ဘက်အဖွဲ့များ၏ နည်းမျိုးစုံဖြင့် ဝါဒဖြန့်လှုံ့ဆော်မှုများအပေါ် နားမယောင်ကြရန်နှင့် ရွေးကောက်ပွဲအောင်မြင်စေရေးအတွက် တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုတို့အားလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ရွေးကောက်ပွဲဥပဒေနှင့် နိုင်ငံသားများလိုက်နာကျင့်ကြံရမည့် ဥပဒေ၊ နည်းဥပဒေများအားလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိက ရွေးကောက်ပွဲပြုလုပ်မှုနှင့်ပတ်သက် ၍ ဒေသခံပြည်သူများ မဲထည့်ဝင်ပုံနည်းလမ်းများ၊ မဲရုံသို့လာရောက်စဉ် ဆောင်ရန်ရှောင်ရန်အချက်များအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ကျိုင်းတောင်းမြို့ အခြေခံပညာမူလတန်ကျောင်း(နမ့်ဟူး)၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြော

**ကျိုင်းတောင်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ရှိ အခြေခံပညာမူလတန်းကျောင်း(နမ့်ဟူး)သို့ ကျိုင်းတောင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိဝန်ထမ်းများက လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲကို ယနေ့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ကျိုင်းတောင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုင်းသီဟထွန်းက အမက (နမ့်ဟူး)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ဟောပြောကာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြသခဲ့ကြောင်း သိရသည်။

**ကိုကို(ပြန်/ဆက်)**

စာပေမြင့်မှ လူမျိုးတင့်မည်။

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

**မုဒုတာမေ**

- ❖ **ကျောင်းတွင်းပညာရေး (Formal Education) ပညာရေးသာမက ကျောင်းပြင်ပပညာရေး (Non-Formal Education) ပညာရေးဖြစ်သည့် အသက်မွေးဝမ်းကျောင်းပညာရေးသည်လည်း အရေးပါသောပညာရေးစနစ်တစ်ခုဖြစ်၊ နိုင်ငံတော်ကလည်း နိုင်ငံလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန် အသက်မွေးဝမ်းကျောင်းပညာရေးကို ပထမတန်းစားပညာရေး အဖြစ် သတ်မှတ်ကာ အဓိကထား အားပေးဆောင်ရွက်လျက်ရှိ**
- ❖ **အသက်မွေးဝမ်းကျောင်းပညာရေးသည် စာတွေ့ သက်သက်သာမဟုတ်ဘဲ အတတ်ပညာများကို ကိုယ်တိုင်လက်တွေ့ လုပ်ကိုင်တတ်စေရန် သင်ကြားပေးသော ပညာရေးဖြစ်၊ အသက်မွေးဝမ်းကျောင်းပညာ သင်ယူပြီးသူများသည် လုပ်ငန်းခွင်သို့ ချက်ချင်းဝင်ရောက်နိုင်ပြီး နိုင်ငံ၏ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို အထောက်အကူပြုနိုင်ကာ ပြည်တွင်းစက်မှုလုပ်ငန်းများသည်လည်း အလျင်အမြန်တိုးတက်လာမည်ဖြစ်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ဖြည့်ဆည်းရမည့် လိုအပ်ချက်များစွာရှိသည့်အနက် နိုင်ငံအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များအတွက် ပညာရေးကို အားပေးမြှင့်တင်ရန်မှာ အဓိကကျသည့် အချက်တစ်ချက်အဖြစ် ပါဝင်ပါသည်။ နယ်လ်ဆင်မင်ဒဲလား က ပညာရေးနှင့်ပတ်သက်၍ **"ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲဖို့ အစွမ်းထက်ဆုံးလက်နက်သည် ပညာရေးဖြစ်သည်"** ဟု မိန့်ဆိုခဲ့ပါသည်။ ပညာဆိုသည်မှာ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားပြီး သိတတ်သော သဘောတရားဖြစ်ပါသည်။ ပညာသည် အမျိုးမျိုးခွဲခြားသိတတ်သည်ဆိုရာ၌ အာရုံများ၏ သဘောအတိုင်း အမှန်မပေါ်စေရန် မှောင်ချဖုံးအုပ်ကွယ်ကာထားသော မောဟ ဟုခေါ်သည့် အဝိဇ္ဇာတရားကို ဖယ်ရှားကာ အမှန်အတိုင်းထိုးထွင်းသိတတ်သော လက္ခဏာရှိပါသည်။

လောကကြီးတွင် လူသားတို့သည် အလင်းရောင်အတွက် နေ့အခါတွင် နေမင်း၏ အလင်းရောင်ကို အသုံးပြုကြပြီး ညအခါတွင် လ၏အလင်းရောင်၊ ဆီမီး၏ အလင်းရောင်၊ လျှပ်စစ်မီး၏ အလင်းရောင် စသည်တို့ကို အသုံးပြုကြရပါသည်။ အလင်းရောင်သည် လူသားတို့ဘဝတွင် မရှိမဖြစ်လိုအပ်သော အရာဖြစ်ပြီး အလင်းရောင်မရှိပါက အသက်ရှင်သန်ရန် ခက်ခဲလှပါသည်။ ထိုကဲ့သို့ လူသားများအတွက် အရေးပါလှသော အလင်းရောင်ကို ပညာနှင့် ဥပမာပြု ပြောဆိုသည့် ဆိုရိုးစကားမှာ **"ပညာသမာ၊ အာဘာနတ္ထိ"**ဖြစ်ပြီး ပညာနှင့်တူသော အလင်းရောင်သည်မရှိဟု အဓိပ္ပာယ်ရပါသည်။ ထိုသို့တင်စား ပြောဆိုခြင်းသည် အလွန်သင့်လျော်မှန်ကန်လှပြီး ပညာသည် လူသားတို့အား အမှန်ကို မသိခြင်း၊ အမှားကို သိခြင်းဆိုသည့် အမိုက်အမှောင်မှ လွတ်မြောက်စေပြီး မှန်ကန်သော အသိဉာဏ်ဆိုသည့် အလင်းသို့ ရောက်ရှိစေကာ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးကို ယဉ်ကျေးအောင် ပြုပြင်ပေးပါသည်။

**နိုင်ငံအတွက် ကောင်းကျိုးပြုနိုင်မည့်သူ**

ပညာရေးဆိုသည်မှာ ဘဝတစ်သက်တာအတွက် အရေးကြီးပြီး လူ့အဖွဲ့အစည်းကို တိုးတက်ပြောင်းလဲစေနိုင်သော စွမ်းအားရှိပါသည်။ လူတစ်ဦး၏ အနာဂတ်အဆင်ပြေကောင်းမွန်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ငွေကြေးနှင့် သယံဇာတအရင်းအမြစ်များရှိရုံဖြင့် မလုံလောက်ဘဲ ပညာရှိပြည်သူများ များစွာရှိရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံတော်တွင် ပညာရှိသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ပြည့်စုံလျှင် နည်းပညာတိုးတက်မှုနှင့်အတူ စီးပွားရေးတိုးတက်မှု၊ လူမှုဘဝတိုးတက်မှုတို့ကို တစ်ပြိုင်တည်း ရနိုင်မည်ဖြစ်ပါသည်။ ပညာရှိသူသည် လောကဓံကို ရဲရင့်စွာ ရင်ဆိုင်နိုင်စွမ်းရှိပြီး မိမိကိုယ်တိုင်ရော မိမိနိုင်ငံအတွက်ပါ ကောင်းကျိုးပြုနိုင်မည့်သူ ဖြစ်ပါသည်။

ငွေကြေးဥစ္စာနှင့် ပြည့်စုံသော်လည်း ပညာရှာသင့်သည့် အရွယ်တွင် ပညာမရှာမှီးသောကြောင့် အသက်အရွယ် ကြီးရင့်လာသည့်အခါ ဘဝအမှောင်ကျကာ ဆင်းရဲဒုက္ခကြုံတွေ့ခဲ့ရသည့် ဓမ္မပဒ ဝတ္ထုတော်၊ ဇရာဝဂ်တွင် ပါရှိသည့် မဟာဓနသူဌေးသားအကြောင်း တင်ပြလိုပါသည်။ မဟာဓန သူဌေးသားသည် ဗာရာဏသီမြို့မှ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီး၏သား ဖြစ်ပါသည်။ သူ့ကို မိဘများက အသက်မွေးဝမ်းကျောင်းမှုပညာ မသင်ကြားစေခဲ့။ အရွယ်ရောက်သောအခါ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသမီးနှင့် အိမ်ထောင်ကျသည်။ ကုဋေတစ်ရာ့ခြောက် ဆယ်ကြွယ်ဝသော သူဌေးလင်မယား ဖြစ်လာကြသည်။

အသက်မွေးဝမ်းကျောင်းမှုပညာ မသင်ဘဲရှိသည့်ပစ္စည်းကို ထိုင်သုံးသော်လည်း မကုန်နိုင်ဟု မိဘများက ထင်မှတ်နေကြသည်။ သို့သော် နှစ်ဖက်မိဘများ ကွယ်လွန်သွားချိန်တွင် သူဌေးသားသည် သူ့ထံတွင် မှီခိုစားသောက်လို၍ မြှောက်ပင့်ပြောဆိုသည့် အမူးသမားများနှင့် အပေါင်းအသင်းဖြစ်ကာ သောက်စားမူးယစ်ပျော်ပါး၍ ဘဝကို ဖြုတ်သန်းခဲ့ပါသည်။ အချိန်ကြာလာသည့်အခါ မိဘအမွေအနှစ်များအားလုံး ကုန်သွားရုံမက နေထိုင်သည့် အိမ်ကိုပါ ရောင်းချသုံးစွဲလိုက်သဖြင့် နေစရာမရှိ၊ စားစရာမရှိဖြစ်ကာ တောင်းရမ်းစားသောက်ရသည့်ဘဝသို့ ရောက်ရှိသွားခဲ့ပါသည်။

- ❑ **ယနေ့ခေတ်တွင် ပညာရေးအခြေခံမရှိသည့် လုပ်သားအများစုသည် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော နည်းပညာများ၊ လုပ်ငန်းခွင် လိုအပ်ချက်များနှင့် လိုက်လျောညီထွေ မဖြစ်နိုင်ဘဲ ဝင်ငွေနည်းပါးသော အလုပ်အကိုင်များဖြင့် ရုန်းကန်နေကြရ**
- ❑ **မသမာသူများ၏ လိမ်လည်လှည့်စားခြင်းကို ခံရကာ ငွေကြေးဆုံးရှုံးခြင်း၊ အန္တရာယ်ရှိသောနေရာများသို့ ရောက်ရှိသွားခြင်း စသည့်ဒုက္ခများကို ရင်ဆိုင်ကြရ**
- ❑ **မိဘများ၊ ဆရာ ဆရာမများ၊ နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံသားတိုင်းတစ်ဦးချင်းစီက ပညာရေးကို တန်ဖိုးထားပြီး အားပေးရန် လိုအပ်**

မဟာဓနသူဌေးသား ဇနီးမောင်နှံတို့သည် ရဟန်းတော်တို့ထံ ဆွမ်းကျန်ဟင်းကျန်များ လာရောက်တောင်းယူ စားသောက်နေသည်ကို ဘုရားရှင် တွေ့မြင်တော်မူ၍ **"ဤသူဌေးသားသည် ပထမအရွယ်၌ စီးပွားရှာခဲ့လျှင် ဤမြို့၌ ပထမတန်းစား သူဌေးကြီးဖြစ်နိုင်၏။ ဒုတိယအရွယ်၌ စီးပွားဥစ္စာရှာခဲ့လျှင် ဒုတိယတန်းစားသူဌေးဖြစ်နိုင်၏။ တတိယအရွယ်၌ စီးပွားရှာခဲ့ပါက တတိယတန်းစားသူဌေးဖြစ်နိုင်ပါသေး၏။ လူ့ဘောင်က ရှောင်ခွာပြီး ရဟန်းပြုပါကလည်း ဇနီးမောင်နှံ နှစ်ဦးစလုံး တရားထူးရနိုင်ကြောင်း၊ အရွယ်ရှိတုန်း လုံ့လမစိုက်ခဲ့သဖြင့် အကျိုးစီးပွားမှန်သမျှ ဆုံးရှုံးခဲ့ရကြောင်း"** မိန့်တော်မူခဲ့ပါသည်။ ပညာမရှိခြင်းသည် ဘဝ၏ အမှောင်ထုဖြစ်ပြီး ဆင်းရဲဒုက္ခအပေါင်းတို့၏ ဖြစ်တည်ရာနေရာဖြစ်လာပါသည်။

ယနေ့ခေတ်တွင် ပညာရေး အခြေခံမရှိသည့် လုပ်သားအများစုသည် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော နည်းပညာများ၊ လုပ်ငန်းခွင် လိုအပ်ချက်များနှင့် လိုက်လျောညီထွေ မဖြစ်နိုင်ဘဲ ဝင်ငွေနည်းပါးသော အလုပ်အကိုင်များဖြင့် ရုန်းကန်နေကြရပါသည်။ အချို့မှာ မသမာသူများ၏ လိမ်လည်လှည့်စားခြင်းကို ခံရကာ ငွေကြေးဆုံးရှုံးခြင်း၊ အန္တရာယ်ရှိသောနေရာများသို့ ရောက်ရှိသွားခြင်း စသည့်ဒုက္ခများကို ရင်ဆိုင်ကြရပါသည်။

**အခမဲ့ပညာရေးအကောင်အထည်ဖော်**

ထို့ကြောင့် မိဘများ၊ ဆရာ ဆရာမများ၊ နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံသားတိုင်း တစ်ဦးချင်းစီက ပညာရေးကို တန်ဖိုးထားပြီး အားပေးရန် လိုအပ်မည်ဖြစ်ပါသည်။ မိမိကိုယ်တိုင်လည်း ပညာရေးကို အလေးထားသင်ယူသလို မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိ လူငယ်များကိုလည်း တတ်စွမ်းသမျှ တိုက်တွန်းအားပေးရန် လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ လူငယ်များအားလုံး ကျောင်းနေအရွယ်ရောက်သည်နှင့် ကျောင်းတက်ခွင့်ရရှိပြီး ပညာသင်ကြားနိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက်လည်း အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးစနစ်တွင် ကျောင်းတွင်းပညာရေး (Formal Education) ပညာရေးသာမက ကျောင်းပြင်ပပညာရေး (Non-Formal Education) ပညာရေးဖြစ်သည့် အသက်မွေးဝမ်းကျောင်းပညာရေးသည်လည်း အရေးပါသောပညာရေးစနစ်တစ်ခုဖြစ်ပါသည်။ နိုင်ငံတော်ကလည်း နိုင်ငံလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန် အသက်မွေးဝမ်းကျောင်းပညာရေးကို ပထမတန်းစားပညာရေးအဖြစ် သတ်မှတ်ကာ အဓိကထား အားပေးဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ကျွမ်းကျင်လုပ်သား (Skilled Workers) များစွာလိုအပ်မည်ဖြစ်သည်။ လမ်း၊ တံတားနှင့် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၊ စက်ရုံ/ အလုပ်ရုံများတွင် စက်များ လည်ပတ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်၊ ဟိုတယ်၊ အလှပြင်ဆိုင်၊ အဝတ်အစား ဒီဇိုင်းထုတ်လုပ်မှုစသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များသည် အခြေခံကျပြီး အလွန်အရေးပါလှပါသည်။ အသက်မွေးဝမ်းကျောင်းပညာရေးသည် စာတွေ့ သက်သက်သာမဟုတ်ဘဲ အတတ်ပညာများကို ကိုယ်တိုင်လက်တွေ့ လုပ်ကိုင်တတ်စေရန် သင်ကြားပေးသော ပညာရေးဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာ သင်ယူပြီးသူများသည် လုပ်ငန်းခွင်သို့ ချက်ချင်းဝင်ရောက်နိုင်ပြီး နိုင်ငံ၏ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို အထောက်အကူပြုနိုင်ကာ ပြည်တွင်း စက်မှုလုပ်ငန်းများသည်လည်း အလျင်အမြန် တိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် စက်မှုဝန်ကြီးဌာနက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျွမ်းကျင်လုပ်သား ဖြည့်ဆည်းပေးရန်အတွက် သက်မွေးပညာကျောင်းများဖြစ်သည့် စက်မှုသင်တန်းကျောင်း ရှစ်ကျောင်းကို တည်ထောင်ဖွင့်လှစ်ကာ စက်မှုကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါသည်။ စက်မှုသင်တန်းကျောင်း ရှစ်ကျောင်းတွင် စက်မှုဘာသာရပ်များဖြစ်သည့် Mechanical နှင့် Electrical ဘာသာရပ်တို့နှင့် သက်ဆိုင်သော သင်တန်း ၁၆ မျိုးကို သင်ကြားပေးလျက်ရှိပါသည်။

**စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြား**

စက်မှုသင်တန်းကျောင်းများ၏ ဝင်ခွင့်ပညာအရည်အချင်းသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ရန်မလိုဘဲ စာမေးပွဲဖြေဆိုဖူးသူ လူငယ်များ(သို့မဟုတ်) စနစ်သစ်ပညာရေးတွင် G-12 ပြီးမြောက်သူလူငယ်များ ရောက်နိုင်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲမအောင်နိုင်သည့် ကျောင်းသားများအား အသက်မွေးဝမ်းကျောင်း အတတ်ပညာ တစ်ခုခု သင်ပေးကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး အနာဂတ်ဘဝလှပစေရန် ရည်ရွယ်ပါသည်။ လူငယ်များသည် စက်မှုသင်တန်းကျောင်းများတွင် တက်ရောက်ခြင်းဖြင့် ပညာပြည့်ဝလာခြင်း၊ မိမိကိုယ်ကိုယ် ယုံကြည်မှုရှိလာခြင်း၊ သင်တန်းဖော် မိတ်ဆွေသူငယ်ချင်းများ တိုးပွားရရှိလာခြင်း၊

*စာမျက်နှာ ၁၁ သို့*

## ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး အစည်းအဝေးပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း (၂)နှင့် စပ်လျဉ်း၍ အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အစိုးရအဖွဲ့ရုံး၊ ခါကာဘိုရာဇီခန်းမ၌ ပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကား အသီးသီးပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပခဲ့သည့် မြို့နယ်(၆) မြို့နယ်မှ အားနည်းချက်၊ အားသာချက်များကို အသီးသီး ဆွေးနွေးတင်ပြကြပြီး လာမည့်ရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပမည့် ဝိုင်းမော်၊ မိုးကောင်း၊ မချမ်းဘော မြို့နယ်များတွင် ကြိုတင်ပြင်ဆင်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်များ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး အစည်းအဝေးပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်များ၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ အပိုင်း (၁)၏ အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပရန် ကျန်ရှိနေသေးသော မြို့နယ်များ၌ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနေပြည်သူ့စစ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများအား လည်းကောင်း၊ ရွေးကောက်ပွဲ အပိုင်း (၂)နှင့် အပိုင်း (၃)တွင် ပါဝင်သည့်မြို့နယ်များ၏ တာဝန်ရှိသူများနှင့် မိုင်းတုံမြို့နယ် တာဝန်ရှိသူက (Video Conferencing) ဖြင့် လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက ရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပရာတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ် အေးချမ်းစွာနှင့် အဆင်ပြေ ချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ ဆန္ဒမဲပေးရန်စောင့်ဆိုင်းစဉ်နားနေရန် ယာယီတဲနှင့်ထိုင်ခုံများ၊ သောက်ရေများ စီစဉ်ထားရှိရေး၊ တောင်ပေါ်ကျေးရွာများအတွက် အကြို/အပို့ မော်တော်ယာဉ်များ အဆင်သင့်စီစဉ်ထားရှိရေး၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်း ဆိုင်ရာများကို အသေးစိတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်ပညာရေးမှူးဖလား အသက်(၁၆)နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အင်းစိန်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အင်းစိန်မြို့နယ် ပညာရေးမှူးဖလား အသက်(၁၆)နှစ်အောက် ကျောင်းပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်သူကုန်းရပ်ကွက် မင်းကွန်းကျောင်းလမ်းရှိ ရွှေအင်းစိန် မြက်ခင်းတု ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်ဘောလုံးအသင်း (၁၃)သင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားကာ ဘောလုံးပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်ဘောလုံးအသင်းများကို (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများအသီးသီး ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်လင်း**





## မော်လမြိုင်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၃၀**

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်း ဆွေးနွေးပွဲများကို အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အ.ထ.က (၂) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ အ.ထ.က (၂)ကျောင်းမှ Grade-10/11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် အင်တာနက် စသည့် ခေါင်းစဉ်များဖြင့် ဝိုင်းဖွဲ့ဆွေးနွေးကြသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

စိတ်ဓာတ်၊ ခံယူချက်နှင့် စည်းကမ်းများ တိုးတက်ကောင်းမွန်လာခြင်းနှင့် ကောင်းမွန်သော အလုပ်အကိုင်များရရှိပြီး သင့်တင့်သော ဝင်ငွေရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာနိုင်ကာ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပါသည်။

စက်မှုသင်တန်းကျောင်းများတွင် စက်မှုဘာသာရပ်ကို အမှန်တကယ်ဝါသနာပါ စိတ်ဝင်စားသော်လည်း ငွေကြေးအခက်အခဲကြောင့် မတက်ရောက်နိုင်ခြင်းမဖြစ်စေရန် နိုင်ငံတော်မှ သင်တန်းသားများအတွက် သင်တန်းကြေးအခမဲ့အပြင် အိပ်ဆောင်နှင့် စားစရိတ်ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စက်မှုသင်တန်းကျောင်းများမှ သင်တန်းသားများအား မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က အသိအမှတ်ပြုလက်မှတ် (NSSA Certificate) ရရှိစေရန် NSSA Assessment ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး သင်တန်းအစီအစဉ် တစ်ခု၊ အောင်လက်မှတ် နှစ်ခု (One Program two Certificate) အစီအစဉ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် စက်မှုသင်တန်းကျောင်းများသည် သင်တန်းဆင်းများအား လုပ်ငန်းခွင်ထဲသို့ အဆင်သင့် ဝင်ရောက်လုပ်ကိုင်နိုင်ရေး အစိုးရစက်ရုံများ၊ ပြည်တွင်းရှိကုမ္ပဏီများ၊ ပုဂ္ဂလိက စက်ရုံ/ အလုပ်ရုံများ၊ စက်မှုဇုန်များနှင့် ချိတ်ဆက်ကာ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

စက်မှုသင်တန်းကျောင်းများသည် အရည်အသွေး အာမခံချက်ရှိစေရန် ITC IQA ကို ရေးဆွဲပြဋ္ဌာန်းကာ အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိခြင်း၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းများဆောင်ရွက်ကာ သင်ထောက်ကူပစ္စည်းများနှင့် နည်းပညာများ အဆင့်မြှင့်တင်ခြင်း၊ နည်းပြဆရာများ၏ အရည်အသွေးများ စဉ်ဆက်မပြတ်တိုးတက်စေရန် ပြည်တွင်း၊ ပြည်ပ သင်တန်းများစေလွှတ်ခြင်း၊ သင်တန်းအတွက် လိုအပ်သည့် အဆောက်အအုံများအား နှစ်စဉ်ဖြည့်ဆည်းခြင်းတို့ ဆောင်ရွက်ပြီး နိုင်ငံအတွက် အမြဲတန်ဖိုးရှိနေမည့် သက်မွေးပညာတတ်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးကာ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရေးကို အလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်တွင် လုပ်ငန်းအဖွဲ့(၁၁)ဖွဲ့ ဖွဲ့စည်းထားပြီး ပြန်လည် ထူထောင်ရေးအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒနှင့် လုပ်ငန်း အစီအစဉ်များ ရေးဆွဲခြင်းများ၊ နီးနွယ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးစွဲလူနာများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့အား ကြီးကြပ်လမ်းညွှန်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့်နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် Non-Traditional Security Threats အဖြစ်ဆက်နွယ်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပြီး လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ အဖွဲ့ဝင်ဌာနများအနေဖြင့် မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေး၊ မူးယစ်ဆေး ပြန်လည်မသုံးစွဲရေးအတွက် ဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးပေးရန် မှာကြားသည်။

ဆက်လက်၍ ပြန်လည် ထူထောင်ရေးအဖွဲ့ အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က



လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်သူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တရားစွဲနှင့် အမှုလိုက် ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို (၂၈)မှတ်၊ (၂၂) မှတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို (၁၀)မှတ်၊ (၃)မှတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို (၁၀)မှတ်၊ (၄) မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာ ၃၁ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲကို နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လွန်ဆွဲ (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများကို နံနက် ၈ နာရီအချိန်တွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

ထုပ်ဆီးတိုးပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။



လွန်ဆွဲ(အမျိုးသား)ပွဲစဉ်များအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ တရားလွှတ်တော်ချုပ်ရုံးအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ(အမျိုးသမီး)ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ တရားလွှတ် တော်ချုပ်ရုံးအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်သွားကြမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တံတားဦးမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်

**တံတားဦး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သည့်ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ကာကွယ်ဆေးထိုးနှံရာတွင် တံတားဦးခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံခြင်းနှင့် စပ်လျဉ်း၍ သားအိမ်ခေါင်းကင်ဆာရောဂါကို ထိရောက်စွာ ကာကွယ်ပေးမှုများ ရှင်းလင်းပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံနေမှုများကို တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သည့် အမျိုးသမီးငယ်များအား ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ



ကာကွယ်ဆေး(HPV) ထိုးနှံခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

* *ကျောဖုံးမှ*

ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဇင်ဘာဘွေအသင်းသည် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် သုံးပွဲကစားပြီး နှစ်ပွဲရှုံးနိမ့်ကာ တစ်ပွဲသရေရလဒ်နှင့်အတူ အုပ်စုမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် မိုရိုကိုက ဇမ်ဘီယာကို သုံးဂိုးပြတ်၊ အယ်ဂျီးရီးယားက ဘာကီနာဖာဆိုကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကိုမိုရို့စ်နှင့် မာလီအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။ ထို့အပြင် အိုင်ဗရီကို့စ်နှင့် ကင်မရွန်းအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်သို့ မိုရိုကို၊ အီဂျစ်၊ နိုင်ဂျီးရီးယား၊ အယ်ဂျီးရီးယားစသည့် နာမည်ကြီးအသင်းများ တက်လှမ်းထားနိုင်ပြီ ဖြစ်သည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကား

နေပြည်တော် ဒီဇင်ဘာ ၃၀

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းဖြေပျော်ရွှင်စေရန်၊ နှစ်သစ်ကို သာယာချမ်းမြေ့စွာ ကြိုဆိုနိုင်ရန်နှင့် စိတ်ခွန်အားသစ်များ ရရှိရန် ရည်ရွယ်၍ ကျင်းပသည့် ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲ တတိယနေ့ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းအမှတ် ၁ နှင့် ၂ ၌ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။**



ယနေ့သည် ဖျော်ဖြေပွဲ တတိယနေ့ ရောက်ရှိလာသည်နှင့်အညီ မွန်းလွဲပိုင်းမှစတင်၍ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ဂီတဖျော်ဖြေပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများအတွင်းသို့ မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် ပါဝင်ဆင်နွှဲရန် မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်များဖြင့် တဖွဲဖွဲ လာရောက်ကြသည်ကို တွေ့မြင်ရသည်။

ထိုသို့ တေးဂီတဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများကို စိတ်လုံခြုံစွာ အမှတ်တရများဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်စေရန်အတွက် ကွင်းအတွင်းသို့ ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် ဖျော်ဖြေပွဲဝင်ခွင့် လက်ပတ်များ စနစ်တကျရောင်းချ၍ လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပေးသည့်အပြင် ဖျော်ဖြေပွဲဝန်းကျင်နေရာများ၌လည်း လိုအပ်သည့် လုံခြုံရေးစောင့်ကြည့်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

တေးဂီတဖျော်ဖြေပွဲသို့ ဝင်ရောက်ရသည့် ဂိတ် (၁) နှင့် (၄) အဝင်ဝမှ ဖျော်ဖြေပွဲကျင်းပမည့် စတိတ်စင်အထိ လျှောက်လမ်းများနှင့် ပွဲတော်အတွင်းရှိ နေရာများ၌ လာရောက်အပန်းဖြေလည်ပတ်ကြသူများ စိတ်အပန်းဖြေပျော်ရွှင်စေရန်အတွက် နီယွန်ရောင်စုံအလှမီးများဖြင့် လှပဝေဆာစွာ ဆင်ယင်ထွန်းညှိအလှဆင်ထားပြီး Photo Booth များတွင် အမှတ်တရ ဓာတ်ပုံရိုက်ကြသူများ၊ အပျော်တမ်းဂိမ်း ကစားကြသူများ၊ ချားရဟတ်စီးကြသူများနှင့် ပျော့အိကလေးကစားကွင်းတွင်လည်း ပျော်ရွှင်စွာဆော့ကစားကြသည့် ကလေးငယ်များဖြင့် အထူးစည်ကားလျက်ရှိသည်။



ယနေ့ည တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် စိုင်းစိုင်းခမ်းလှိုင်၊ ဟဲလေး၊ ရဲလေး၊ ထွန်းထွန်း၊ ဖြိုးပြည့်စုံ၊ အိမ့်ချစ်၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ဂျူဝယ်၊ ကေကေမိုး၊ မိစန္ဒီတို့က Dancer အဖွဲ့များ၊ DJ ပညာရှင်များ၊ Music Band များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အားပါးတရ လိုက်ပါသီဆို၍ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များ၊ လူသုံးကုန်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များထားရှိသည်ကိုလည်း တွေ့ရသည်။

၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကျင်းပလျက်ရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဒီဇင်ဘာ ၃၁ ရက်တွင်လည်း Countdown ရေတွက်မည့် အစီအစဉ် အပါအဝင် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် ဖြိုးကြီး၊ နောနော်၊ ရဲရင့်အောင်၊ J FIRE၊ ဂျူနီယာချစ်ကောင်း၊ ICE COLD၊ ခိုင်မြဲသစ္စာနှင့် အခြားတေးသံရှင်များက Dancer များ၊ DJ ပညာရှင်များနှင့် တွဲဖက်၍ ညနေ ၅ နာရီမှစတင်၍ ည ၁ နာရီအထိ သီဆိုကပြဖျော်ဖြေတင်ဆက်သွားကြမည် ဖြစ်ကြောင်း၊ ဝင်ကြေးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားပြီး ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ် သုံးခု သတ်မှတ်၍ မော်တော်ယာဉ်များဖြင့် အခမဲ့အသွားအပြန် ပို့ဆောင်ပေးလျက်ရှိသဖြင့် မည်သူမဆို လာရောက်လည်ပတ် ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **ဟိန်းမင်းစိုး၊ ဓာတ်ပုံ - အောင်ပြည့်စုံ**

# (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ပြပွဲ/ ပြိုင်ပွဲများ မြိတ်ခရိုင်လူထုအခြေပြုဇဟိုဌာနချုပ်၌ ကျင်းပ

**မြိတ် ဒီဇင်ဘာ ၃၀**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပြပွဲ/ ပြိုင်ပွဲများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြိတ်ခရိုင် လူထုအခြေပြုဇဟိုဌာန၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဟောပြောရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေဇင်ဦးက ဆုံးရှုံးသွားခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူခဲ့မှုများနှင့် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို ဟောပြောသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများ ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များနှင့် သုတ/ ရသ စာအုပ်ပြပွဲကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)



# ဒေါပုံမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပ

ဒေါပုံ ဒီဇင်ဘာ ၃၀

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရောက်ရှိမည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ယမန်နေ့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်စုဝေက လွတ်လပ်ရေးနေ့ဆိုင်ရာ သမိုင်းအကြောင်းအရာများ ဟောပြောသည်။ ဆက်လက်၍ အ.မ.က(၁၁)မှ ကျောင်းသား ကျောင်းသူလေးများက ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။ ချစ်စုဝေ(ပြန်/ဆက်)

# ကြို့ပင်ကောက်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ

ကြို့ပင်ကောက် ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အ.ထ.က (ကြို့ပင်ကောက်) ကျောင်း၌ ယနေ့နံနက်က ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကြို့ပင်ကောက်မြို့နယ်ရုံးမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများထံ စောင်ရေ



၄၅၀ ကို လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

# အမေရိကန်က ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထောက်ပံ့ကူညီမည်

**ဂျီနီဗာ ဒီဇင်ဘာ ၃၀**

အမေရိကန်ပြည်ထောင်စုသည် လာမည့်နှစ်တွင် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ထောက်ပံ့ကူညီရန် အမေရိကန်အစိုးရနှင့် ကုလသမဂ္ဂတို့ သဘောတူညီလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ပမာဏသည် မကြာသေးမီနှစ်များအတွင်း ထောက်ပံ့ပေးမှုများထက် အလွန်နည်းပါးပြီး နိုင်ငံအချို့အတွက်သာ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုမှ အကြီးတန်းအရာရှိများနှင့် ကုလသမဂ္ဂတို့သည် ဒီဇင်ဘာ ၂၉ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါသဘောတူညီမှုနှင့် ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။



အမေရိကန်ပြည်ထောင်စု၏ ထောက်ပံ့ကူညီမှုများကို ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ စီမံခန့်ခွဲသောအစီအစဉ်များတွင် အသုံးပြုသွားဖွယ်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြီးအကဲနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သူ တွမ်ဖလက် ချာက အမေရိကန်ပြည်ထောင်စု၏ ထောက်ပံ့ကူညီမှုကို ကြိုဆိုလိုက်ပြီး ယင်းကဲ့သို့ လုပ်ဆောင်မှုက အသက်ပေါင်းများစွာကို ကယ်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် မကြာသေးမီနှစ်များအတွင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထက်မနည်း ခွဲဝေချထားပေးခဲ့ကြောင်း သတင်းမီဒီယာများတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂကျောထောက်နောက်ခံပြုထားသော အစီအစဉ်များအတွက် အမေရိကန်ပြည်ထောင်စု၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှု ရန်ပုံငွေမှာ ပုံမှန်ထက်အလွန်နည်းပါးသော ပမာဏဖြစ်ကြောင်း အေပီသတင်းဌာနတွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်မှုအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် သုံးရက်ကြေညာ

**ဒါကာ ဒီဇင်ဘာ ၃၀**

ဘင်္ဂလားဒေ့ရှ် ယာယီအစိုးရသည် ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာ ကွယ်လွန်မှုအတွက် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ သုံးရက်ကြာ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ကြေညာလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ဒီဇင်ဘာ ၃၁ ရက်ကို အများပြည်သူဆိုင်ရာ ရုံးပိတ်ရက်အဖြစ်လည်း ကြေညာထားသည်။



ဘင်္ဂလားဒေ့ရှ် ယာယီအစိုးရ၏ အကြံပေးချုပ် မူဟာမက်ယူနွတ်စ်သည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံတော်သို့ မိန့်ခွန်းပြောကြားရာ၌ အဆိုပါထုတ်ပြန်ချက်များကို ကြေညာခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ၏ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ်သော ခါလီဒါဇီယာသည် မြို့တော်ဒါကာတွင် အဖျားရောဂါကြောင့် ဒီဇင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ကွယ်လွန်သွားခြင်းဖြစ်ကြောင်း အမျိုးသားရေးပါတီက လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။ ၎င်းကွယ်လွန်ချိန်တွင် အသက် ၈၀ ရှိပြီဖြစ်သည်။ **ဆင်ဟွာ**

# မြို့တော်ကဘူးလ်တွင် ဒုတိယမြောက် ခုံးကျော်တံတားတည်ဆောက်မှုစတင်

**ကဘူးလ် ဒီဇင်ဘာ ၃၀**

အာဖဂန်နစ္စတန် အာဏာပိုင်များသည် ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချရန်ရည်ရွယ်၍ မြို့တော်ကဘူးလ်တွင် ဒုတိယမြောက် ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများကို စတင်လိုက်ပြီဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီးချုပ်ရုံးက ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ယင်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းမှာ အာဖဂန်နီ ၄၆၂ သန်း (အမေရိကန်ဒေါ်လာ ၇ သန်းခန့်) ကုန်ကျနိုင်ကြောင်း၊ တံတားအရှည် ၂၃၅ မီတာ၊ အကျယ် ၁၈ မီတာရှိကြောင်းနှင့် ၁၅ လအတွင်း တည်ဆောက်ပြီးစီးနိုင်မည်ဟု မျှော်လင့်ထားကြောင်း အဆိုပါရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

မြို့တော်ကဘူးလ်၏ ပထမဆုံး ခုံးကျော်တံတားကို ခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅ သန်းဖြင့် လွန်ခဲ့သည့် လအနည်းငယ်အတွင်းက စတင်အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ လူပေါင်းခြောက်သန်းကျော် နေထိုင်လျက်ရှိသော မြို့တော်ကဘူးလ်သည် လူဦးရေထူထပ်သော လမ်းများ၌ ဆိုးရွားသည့် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၊ ရေရှားပါးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဖြစ်သည်။ **ဆင်ဟွာ**

# ဒရုန်းအသုံးပြု၍ နိုင်ငံတွင်းသို့ လက်နက်များ ခိုးသွင်းရန် ကြိုးပမ်းမှုကို တားဆီးခဲ့ဟု အစ္စရေးပြော

**ဂျေရုဆလင် ဒီဇင်ဘာ ၃၀**

ဒရုန်းကို အသုံးပြု၍ နိုင်ငံတွင်းသို့ လက်နက်များ ခိုးသွင်းရန် ကြိုးပမ်းမှုကို တားဆီးခဲ့သည်ဟု အစ္စရေးစစ်ဘက်က ဒီဇင်ဘာ ၃၀ ရက်က ပြောကြားခဲ့သည်။

အမ်-၁၆ ရိုင်ဖယ် အလက် ၂၀၊ သေနတ်ပြောင်းတစ်ခုနှင့် အပိုလက်နက်များ သယ်ဆောင်လာသော ဒရုန်းတစ်စင်းသည် အနောက်ဘက်ကမ်းမှ အစ္စရေးပိုင်နက်ထဲသို့ ဖြတ်ကျော်ဝင်ရောက်လာခြင်းကို အစ္စရေးလေတပ်က တွေ့ရှိပြီးနောက် အစ္စရေးတပ်ဖွဲ့ဝင်များသည် ၎င်းဒရုန်းကို ညတွင်းချင်း ပစ်ချခဲ့သည်ဟု အစ္စရေးစစ်ဘက်က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

လိုအပ်သည်များ ဆက်လက်စစ်ဆေးဆောင်ရွက်နိုင်ရန် အဆိုပါလက်နက်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ယင်းကြေညာချက်တွင် ထပ်မံဖော်ပြခဲ့သည်။

ဒရုန်းများကို အသုံးပြု၍ ဂျော်ဒန်နှင့် အီဂျစ်နယ်စပ်များမှ နိုင်ငံအတွင်းသို့ လက်နက်မှောင်ခိုသယ်ဆောင်လာမှု မြင့်တက်လာခြင်းအပေါ် အစ္စရေးလုံခြုံရေး တာဝန်ရှိသူများက စိုးရိမ်ပူပန်မှုတိုးလာသည်။

ရှင်ဘတ် ဟုခေါ်သည့် ပြည်တွင်းလုံခြုံရေး အေဂျင်စီ အကြီးအကဲ ဒေးဗစ်ဇီနီက အဆိုပါကိစ္စအား ဆက်လက်ဖြစ်ပွားနေသော ကပ်ဆိုးကြီးတစ်ခုအဖြစ် ဖော်ပြလိုက်ပြီး အစ္စရေးနိုင်ငံအတွက် မဟာဗျူဟာမြောက်ခြိမ်းခြောက်မှုတစ်ခုဟု ယခုလအစောပိုင်းကတည်းက ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အစ္စရေးပိုင်နက်အတွင်းသို့ ဒရုန်းယာဉ်သောင်းနှင့်ချီ ဝင်ရောက်ကျူးကျော်ခဲ့သည်ဟု အဆင့်မြင့်လုံခြုံရေး အရာရှိတစ်ဦးကို ကိုးကားပြီး နိုင်ငံပိုင် ကန်ကီဗွိက ဖော်ပြခဲ့သည်။ ဒရုန်းယာဉ်များကို ပေါက်ကွဲစေသော ပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ မူးယစ်ဆေးများနှင့် တရားမဝင်ကုန်ပစ္စည်းများအပါအဝင် လက်နက်ထောင်ပေါင်းများစွာ မှောင်ခိုသယ်ဆောင်မှုတွင် အသုံးပြုခဲ့သည်ဟု ကန်ကီဗွိတွင် ဆက်လက်ဖော်ပြထားသည်။ **ဆင်ဟွာ**



# အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုအများအပြား အင်ဒိုနီးရှားတားဆီး

**ဂျကာတာ ဒီဇင်ဘာ ၃၀**

အင်ဒိုနီးရှား အကြမ်းဖက်မှု တန်ပြန်တိုက်ခိုက်ရေး ယူနစ် ဒန်ဆုတ် ၈၈ သည် ယခုနှစ် ဇန်နဝါရီလမှစတင်၍ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုအများအပြားကို တားဆီးခဲ့ပြီး အကြမ်းဖက်မှု သံသယရှိသူ ၅၁ ဦးကို ဖမ်းဆီးခဲ့ကြောင်း အကြီးတန်း ရဲအရာရှိတစ်ဦးက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ယခုလို အောင်မြင်မှုရရှိခြင်းသည် အကြမ်းဖက် တန်ပြန်တိုက်ခိုက်ရေး မဟာဗျူဟာများဖြစ်သည့် ဆောလျင်စွာ သိရှိခြင်း၊ တရားဥပဒေစိုးမိုးရေး လုပ်ဆောင်မှုများကို ဆောင်ရွက်နိုင်ခြင်း၊ အစွန်းရောက်ဝါဒကို တန်ပြန်တိုက်ခိုက်ရန် ဇာတ်ကြောင်းဆင်ခြင်း၊ အကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများအား အကြမ်းဖက် တန်ပြန်တိုက်ခိုက်မှုများတွင် ပါဝင်ကူညီနိုင်အောင် အခွင့်အာဏာပေးထားခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံတကာ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ ထိရောက်သော လုပ်ဆောင်မှုများကြောင့် ဖြစ်ကြောင်း အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့ မှုခင်းစုံစမ်းစစ်ဆေးရေးဌာန အကြီးအကဲ ရဲအရာရှိကြီး ဗိုလ်ချုပ်ကြီး ဆိုင်ဟာဒီယန်တိုနိုက ရှင်းလင်းပွဲအတွင်း ပြောကြားခဲ့သည်။

တရားဥပဒေစိုးမိုးရေး အစီအမံများဖြင့် ဒန်ဆုတ် ၈၈ သည် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အကြမ်းဖက်တိုက်ခိုက်မှု လုံးဝမရှိဆိုသည့် ကောင်းမွန်သည့် မှတ်တမ်းများကို ထိန်းသိမ်းထားပြီး ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများကို ထိရောက်စွာ နှိမ်နင်းကာ အမျိုးသားလုံခြုံရေးကို အကာအကွယ်ပေးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း ဒန်ဆုတ် ၈၈ သည် အွန်လိုင်းလူသစ်စုဆောင်းခြင်းများမှတစ်ဆင့် အရွယ်မရောက်သေးသူများကို ပစ်မှတ်ထားသည့် အစွန်းရောက်ကွန်ရက်များကို နှောင့်ယှက်ဟန့်တားနိုင်ခဲ့ခြင်း၊ အစွန်းရောက်အုပ်စုများ၏ စီစဉ်ထားသော တိုက်ခိုက်မှုများကို တားဆီးနိုင်ခဲ့ခြင်းနှင့် ခရစ္စမတ်နှင့် နှစ်သစ်ကူးကဲ့သို့သော အဓိကအများပြည်သူ အားလပ်ရက်များအတွင်း လုံခြုံရေးအစီအမံများကို ကြိုတင်ဆောင်ရွက်နိုင်ခဲ့ခြင်းများအပါအဝင် အဓိက အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များကို အောင်မြင်စွာ ဖြိုခွင်းနိုင်ခဲ့သည်ဟု ၎င်းက ဂုဏ်ယူစွာဖြင့် ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၂၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် တစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၂၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၇၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း (၃) နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှု။

## တောင်ငူမြို့၌ နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**တောင်ငူ ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၁၅) ရပ်ကွက်၊ ဒေသန္တရကျန်းမာရေးဌာန၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မီမီခင်နှင့် ဝန်ထမ်းများက ကျန်းမာရေးအသိပညာပေး ဟောပြော ဆွေးနွေးပြီး ရပ်ကွက်ကျေးရွာများမှ ကိုယ်ဝန်ဆောင် မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများအား ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင် အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ ပိုလီယိုသောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် ဝမ်းရောဂါ ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**





ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ငန်းပြားကျေးရွာ၊ ကန်လည်ကုန်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ မိုးနတ်ကုန်းကျေးရွာနှင့် လက်ပန်ငူကျေးရွာတို့၌ မဲရုံအဖြစ် ဆောင်ရွက်မည့် စာသင်ကျောင်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၃၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## ကျောက်စိမ်းဝေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ပံ့ပိုးငွေများပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော်သမဝါယမဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှဆောင်ရွက်လျက်ရှိရာ ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်၊ ပျဉ်းမနားမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သနပွင်ဆိပ်ကျေးရွာ၌ MSME လုပ်ငန်းအနေဖြင့် တံမြက်စည်း ချော/ကြမ်းကုန်ထုတ်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကျောက်စိမ်းဝေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းထံ ကုန်ကြမ်းပစ္စည်းများဝယ်ယူရာတွင် အထောက်အကူဖြစ်စေရန်အတွက် သမဝါယမအသင်းအချင်းချင်း ပံ့ပိုးငွေကျပ်သိန်း ၃၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် နေပြည်တော်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ယခုထောက်ပံ့ဆောင်ရွက်ပေးသော ပံ့ပိုးငွေဖြင့် လုပ်ငန်းများ ပိုမိုတိုးချဲ့ပြီး အောင်မြင်အောင် ဆောင်ရွက်သွားရန်နှင့် ပံ့ပိုးငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် အသင်းတာဝန်ရှိသူများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**







## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရရှိသည့်စာရေးဆရာမ အင်ကြင်းမေ၏ "စိတ်ကောင်းနှင့်ယှဉ်ရေးရှုနှင့်နှင့် ကလေးဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

၎င်းစာအုပ်တွင် ဝတ္ထုတို (၁၈) ပုဒ် ပါဝင်သည်။ မိုးရွာသွန်းချိန် ရေမတင်အောင် မြောင်းထဲမှ အမှိုက်သရိုက်များကို ဆယ်ထုတ်ကြသည့် ကလေးများ၏ ပရဟိတလုပ်အားပေးကြပုံ၊ ကမ္ဘာ့အမြင့်ဆုံးထိုင်တော်မူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လက်တွေ့ဖူးမြော်ခွင့်ရခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများရရှိခဲ့ပုံ၊ အချို့သောအနောက်နိုင်ငံကြီးများ၌ ကျင်းပသည့် Halloween Day အကြောင်းနှင့် မြန်မာနိုင်ငံ၌ မကျွတ်မလွတ်သူများအတွက် ကောင်းမှုကုသိုလ်များပြုလုပ်ပြီး မေတ္တာပို့အမျှဝေသည့်ဓလေ့တို့ ခြားနားပုံ၊ စည်းလုံးညီညွတ်လျှင် အကျိုးခံစားရပြီး ဖွဲ့မလျှော့ခြင်းသည် အားကစားစိတ်ဓာတ်ဖြစ်ပုံတို့ကို ပြေပြစ်သောစကားပြေအရေးအသားတို့ဖြင့် ဇာတ်အိမ်ဖွဲ့တင်ပြထားသည်ကို တွေ့ရှိရသည်။ စာအရေးအသားများသည် ရိုးစင်း၍ ဝတ္ထုရေးဖွဲ့ရာတွင်လည်း စာရေးသူ၏စေတနာကို တွေ့မြင်ရကာ ကလေးများအတွက် ဗဟုသုတဖြစ်ဖွယ်၊ အားကျဖွယ်၊ အတုယူဖွယ် ဖြစ်သဖြင့် ဝယ်ယူသိမ်းထားဖွယ်ကောင်းသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၃၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

မြန်မာ့အလင်း

## စာပေဗိမာန်စာမူဆုရစာအုပ် ထုတ်ဝေဖြန့်ချိခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ကလေးစာပေတတိယဆုရ စာရေးသူ ညိမ်းညို၏ "ရင်သွေးရတနာ ကလေးကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

၎င်းကဗျာစာအုပ်တွင် ကဗျာ (၆၄)ပုဒ် ပါဝင်သည်။ မြန်မာ့ဓလေ့နှင့်အညီ နံနက်မိုးသောက်ချိန်၌ ရှင်တော်ဗုဒ္ဓအား ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူ၍ မေတ္တာပို့အမျှဝေပုံ၊ သစ်သီးဝလံများ၏ အမည်တို့တွင် တိရစ္ဆာန်အမည်များ မှည့်ခေါ်ထားကြပုံ၊ ပြည့်ရိက္ခာဖူလုံစေဖို့ ဦးကြီးတို့၏ ပျိုးကြဲချိန်၊ ကောက်စိုက်ချိန်၊ ကောက်ရိတ်သိမ်းချိန်၊ ကောက်သစ်စားပွဲကျင်းပပုံ၊ လူသားတို့ကို အကျိုးပြုလျက်ရှိသည့် မိတ်ဆွေသစ်ပင်များရှိပုံ၊ လူတို့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်အမျိုးမျိုးကို အစားအစာများမှ ရရှိနိုင်ပုံတို့ကို ရွတ်ဆိုရလွယ်ကူ၍ ချိုသာသောအသံတို့ဖြင့် ရေးဖွဲ့တင်ပြထားရာ ရင်သွေးတို့အတွက် ရတနာထိုက်သော ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

၎င်းစာအုပ်ကို ရောင်းဈေးကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁ – ၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂- ၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ မြန်မာ့အလင်း

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ကဗျာပေါင်းချုပ်၊ ဒုတိယဆုရရှိသည့် စာရေးဆရာမ ရွှန်းညို(တာချီလိတ်)၏ "ရှမ်းရှေ့မြေရနံ့နှင့်ကဗျာစုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

၎င်းစာအုပ်တွင် ရှမ်းရှေ့မြေရနံ့၊ မိုင်ဆွန်ခရှမ်းရှေ့မြေ၊ သွေးချင်းပျော်မွေ့ ရှမ်းအရှေ့၊ အလှတန်ဆောင်မြစ်မဲခေါင်၊ တိမ်ခိုးဝေဝေ ရှမ်းရှေ့မြေ စသည့် ကဗျာပုဒ်ရေ ၆၇ ပုဒ်ပါရှိပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသ ရှမ်းတိုင်းရင်းသားတို့၏ ဓလေ့ရိုးရာများကို ဖော်ကျူးထားသော ကဗျာအများစုပါရှိသည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်းများ မှန်ကန်စွာဖြင့် လေးလုံးစပ်လင်္ကာ၊ ဒွေးချိုး၊ လေးဆစ်ချိုး၊ လေးချိုး၊ တျာချင်း၊ အိုင်ချင်း၊ ရတုစသည့် ကဗျာဖွဲ့နည်းများဖြင့် ရှမ်းအရှေ့ကဗျာများ သာမက နိုင်ငံချစ်စိတ် ကဗျာများ၊ ချစ်ခြင်းမေတ္တာကဗျာများ၊ ရာသီဖွဲ့နှင့် မြန်မာ့ဓလေ့ကဗျာများကို အကြောင်းအရာ စုံလင်စွာဖြင့် တင်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၄၀၀၀ ဖြင့် အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ မြန်မာ့အလင်း

## စလင်းမြို့နယ်၌ ဒေသမျိုး(ရောမင်း)စပါးစိုက်ခင်းစံကွက်ရိတ်သိမ်း

**စလင်း ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးကျင်းပသည့် ရောမင်းစပါးစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကူဖြူကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၄၉၀ ဦးပိုင်အမှတ် (၆၉)ရှိ ဧရိယာတွင် စိုက်ပျိုးထားသော တောင်သူဦးသန်းနိုင်၏ စပါးစိုက်ဧက ၁ ဒသမ ၀၇ ဧကအတွင်း ကျင်းပသည်။



အဆိုပါ ရိတ်သိမ်းပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ရောမင်းဧရိယာတွင် စိုက်ပျိုးထားသည့် ရောမင်းစံကွက်အား ဒေသခံတောင်သူများနှင့် စုပေါင်းရိတ်သိမ်းခဲ့ရာ စပါးအထွက်နှုန်းအစို ၈၅ ဒသမ ၉၄ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနမှ သိရသည်။ **မောင်လွင်(စလင်း)**

## တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်မည့် ကိစ္စရပ်များဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြဦးက တည်ဆဲအခွန်ဥပဒေများအရ



လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြေစာတံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်း ဆွေးနွေးပြောကြားကာ အခွန်ထမ်းပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်အခွန် ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူ ၃၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဟန်စုယဉ်**

## တောင်ဥက္ကလာပမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

တောင်ဥက္ကလာပ မြို့နယ်၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲကို မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ အမှတ်(၁၀)ရပ်ကွက် ဟေမဝန်ဓမ္မာရုံ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အတွင်းရှိ မိခင်နှင့် ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ မွေးစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ်၊ သားကောင်းမိခင်နှင့် အမြွှာပြိုင်ပွဲများအား ပြိုင်ပွဲဝင် စုစုပေါင်း ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား ဆုများပေးအပ်ကာ အခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့



ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်၊ ဆရာမများ၊ ဒေသန္တရကျန်းမာရေး ဦးစီးမှူးများ၊ မြို့နယ်/ ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

## ခိုလမ်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ပန်းချီ၊ စာစီစာကုံးနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပ

**ခိုလမ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ အခြေခံပညာမူလတန်းလွန်ကျောင်း(ဝမ်ဖွီး)တွင် (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှထွေးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲများကိုစတင်ရာ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၁ ဦး၊ ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၅ ဦး၊ အလယ်တန်းအဆင့် ၂၀ နှင့် စာစီစာကုံးပြိုင်ပွဲတွင် မူလတန်းအဆင့် ခုနစ်ဦး၊ အလယ်တန်းအဆင့် ကိုးဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးစုံညီပွဲတော်အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်(ပြန်/ဆက်)**



## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ဓနုဖြူ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ပေးအပ်ငွေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ)အတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၅၂ ဦးအတွက် ငွေကျပ် ၉၁၂၀၀၀၀ ကို ပေးအပ်ခဲ့ကာ အသက် ၁၈ နှစ် အထက် ၉၅ ဦးအား တစ်ဦးလျှင် ဆန် တစ်ပြည်၊ ဆီ ၅၀ ကျပ်သားနှုန်းဖြင့် စုစုပေါင်းဆန် ၉၅ ပြည်၊ ဆီ ၄၇ ပိဿာ ၅၀ ကျပ်သား အားပေးအပ်ခဲ့ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးမှသိရသည်။**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နေ မ ----၊ ၃၂ နှစ်သည် ဟိုင်းကြီးကျွန်းမြို့ အမှတ် (၂) ရပ်ကွက်နေ အစ်မတစ်ဝမ်းကွဲတော်စပ်သူ ထမင်းချက် အကူလုပ်ကိုင်နေသည့် နေအိမ်သို့ သားသမီး သုံးဦးနှင့်အတူ သွားရောက်လည်ပတ်ခဲ့ရာ အဆိုပါနေအိမ်တွင် အိမ်အကူ အလုပ်လုပ်ကိုင်နေသည့် မဇူလိုင်မိုးနှင့် ခင်မင်ရင်းနှီးပြီး မဇူလိုင်မိုးက နေပြည်တော်တွင် ကလေးထိန်းသည့် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် လေးသိန်းငါးသောင်းကျပ်ရမည်၊ လမ်းစရိတ်များကို ရန်ကုန်မြို့နေ မသန္တာအောင် (ခ) အငယ်မမှ အကုန်ကျခံပေးမည်ဟု စည်းရုံးပြောဆိုပြီး တစ်ရပ်ကွက်တည်းနေ မခင်သန်းဝင်း (ခ)အကြီးမနေအိမ်သို့ခေါ်ဆောင်သွားခဲ့သည်။

ထို့နောက် မခင်သန်းဝင်း(ခ)အကြီးမက ဓာတ်ပုံများ ရိုက်ယူပြီး အိမ်အကူလုပ်လျှင် လှလှပပနေရန်နှင့် သားသမီးများကို ရွာသို့ ပြန်ပို့ရန်လိုကြောင်း ပြောဆိုခဲ့သဖြင့် ရွာသို့ ပြန်ပို့ခဲ့ကြောင်း၊ မဇူလိုင်မိုးက ယင်းအမျိုးသမီးကို ရန်ကုန်မြို့ ပုဇွန်တောင်ဈေးရှိ မသန္တာအောင်(ခ) အငယ်မထံ ပို့ဆောင်ခဲ့ပြီး မသန္တာအောင်(ခ)အငယ်မ က ရန်ကုန် - မန္တလေး- မူဆယ်မြို့သို့ အဆင့်ဆင့်ပို့ဆောင်ကာ မူဆယ်မြို့ တရားမဝင်ခိုးပေါက်မှ တစ်ဆင့် တရုတ်နိုင်ငံ ရွှေလီမြို့ရှိ နေအိမ်တစ်အိမ်သို့ ပို့ဆောင်ခဲ့ကြောင်း၊ ယင်းအမျိုးသမီးကို အိမ်ရှင်တရုတ်အမျိုးသမီးက တရုတ်အမျိုးသားနှင့် လက်ထပ်ယူရမည်၊ မယူပါက လမ်းစရိတ် ယွမ် ၅၀၀၀ ပြန်လည်ပေးလျော်ရမည်ပြောရာ ငြင်းဆန်သဖြင့် အခန်းတစ်ခုတွင် သော့ခတ်ပိတ်လှောင်၍ ရိုက်နှက်နှိပ်စက်ခဲ့ကြောင်း၊ ငါးရက်ခန့်အကြာ တစ်အိမ်တည်းနေ မြန်မာအမျိုးသမီးတစ်ဦးက သော့ဖွင့်ပေး၍ ထွက်ပြေးရန်ပြောသဖြင့် ထွက်ပြေးခဲ့ရာ ရွှေလီမြို့ရှိ ရဲစခန်းတစ်ခုသို့ ရောက်ရှိပြီး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းခံရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အရ ဘဝရပ်တည်ရန် ခက်ခဲသည့် မြန်မာအမျိုးသမီးကို ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူ၍ တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို အမှတ်(၇)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပုသိမ်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းနယ်မြေရဲစခန်း (ပ) ၈၃/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် ပုသိမ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မဇူလိုင်မိုး၊ မခင်သန်းဝင်း(ခ)အကြီးမတို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကာ တိမ်းရှောင် တရားခံ မသန္တာအောင် (ခ)အငယ်မကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များ အတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## တရားမဝင် လမ်းခင်းကျောက်များ၊ တရားမဝင်လမ်းခင်းကျောက်တင် မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်ဆည်မြို့နယ်အတွင်း၌ တရားမဝင်တူးဖော်ထုတ်လုပ်ထားသည့် ထုံးကျောက်ဟု ယူဆရသော လမ်းခင်းကျောက် တစ်ကျင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀) နှင့် အဆိုပါလမ်းခင်းကျောက်များ တင်ဆောင်လာသည့် Forland Dump Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၂၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ငါးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တူးဖော်မှုများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့မှုကြောင့် တရားမဝင်ဆောင်ရွက်မှုများကို ပိုမိုတားဆီးထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## တာမွေမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးခြင်းနှင့် စွမ်းရည်ပြိုင်ပွဲများကျင်းပ

**တာမွေ ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ကာယ၊ ဉာဏစွမ်းရည် ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြန်ကြားရေး



နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက လွှတ်လပ်ရေး နေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ ထို့နောက် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ရာ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ထူးချွန်ဆုနှင့် အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## အလုံမြို့နယ်၌ လွတ်လပ်ရေးနေ့အကြို ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့ နယ် ပြန်ကြားရေးနှင့် ပြည်သူ့



ဆက်ဆံရေးဦးစီးဌာနရုံး လူထု အခြေပြုဗဟိုဌာနတွင် ယမန်နေ့ က (၇၈)နှစ်မြောက် လွတ်လပ် ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဟောပြောပွဲနှင့် ပြပွဲကို ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် လွတ်လပ် ရေးနေ့ သမိုင်းကြောင်းကို ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ''သတင်းစကား'' လက်ကမ်း စာစောင်များကို ကျောင်းသား ကျောင်းသူများထံ သို့ ဖြန့်ဝေပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင် ပြပွဲ၊ စာအုပ်ပြပွဲနှင့် ပြတိုက်ငယ်တွင် ပြသထားသည်များကိုလည်း စိတ်ပါဝင်စားစွာ လေ့လာကြပြီး အမှတ်(၇) အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေလုံသား (ပြန်/ဆက်)**



## လွတ်လပ်ရေးနေ့အကြို ကျောင်းတွင်းအားကစားယှဉ်ပြိုင်

**မောက်မယ် ဒီဇင်ဘာ ၃၀**

မောက်မယ်မြို့နယ် ဈေးတန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လွတ်လပ်ရေးနေ့ကိုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းက ကျောင်းတွင်းအားကစားပြိုင်ပွဲများကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဝိုဆိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မူလတန်းအဆင့် အားကစားနည်းမျိုးစုံနှင့် အပြေးပြိုင်ပွဲများကို ကျင်းပကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမကဏ္ဍမှငါးများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ပဲခူး ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ကေတုမတီငါးမွေးမြူရေးကုန်ထုတ်သမဝါယမအသင်းမှ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းလတ်ဆတ်သော ငါးမျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် "ပြည်သူအတွက် ငါးဟင်းတစ်ခွက် တိုးစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူတက္ကသိုလ်၌ ဉာဏစွမ်းရည်ယှဉ်ပြိုင်

**ပခုက္ကူ ဒီဇင်ဘာ ၃၀**

ပခုက္ကူတက္ကသိုလ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို တက္ကသိုလ်အဆင့် စာစီစာကုံး၊ ပန်းချီ၊ကဗျာ၊ ပိုစတာနှင့် ဆောင်းပါး၊ စသည့်ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့က ကျင်းပရာ စာစီစာကုံး ပြိုင်ပွဲတွင် "ထိန်းသိမ်းကာကွယ်ကြစို့ တို့လွတ်လပ်ရေးအမွေ" ခေါင်းစဉ် ဖြင့်လည်းကောင်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲတွင် "လွတ်လပ်ရေးကို တန်ဖိုးထား တို့ပြည်ထောင်စုသား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာ ပြိုင်ပွဲတွင် "လွတ်လပ်ရေးနေ့အမွေ အစွန့်ရှည်ပါစေ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် "လွတ်လပ်ရေးနေ့အမွေအနှစ်ကို



ထိန်းသိမ်းရမည့် ယနေ့လူငယ်တို့၏တာဝန်" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူ ၆၆ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဘာမီသာ(ပခုက္ကူ)**



## မြစ်သားမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲစတင်

**မြစ်သား ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးဆောင်၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် U-16 ဂိုးလတ်ဘောလုံးပြိုင်ပွဲကို အုပ်စု (က)နှင့် အုပ်စု (ခ)တို့ဖွဲ့စည်း၍ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ဘုရားဝင်းအတွင်း ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၀ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် မြစ်သား(အထက)ကျောင်းနှင့် မဟာပျိုးခင်းကိုယ်ပိုင်အထက်တန်းကျောင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မြစ်သား (အထက)ကျောင်းက အနိုင်ရရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ခရမ်းမြို့၌ သားကောင်းမိခင်ပြိုင်ပွဲ ကျင်းပ



**ခရမ်း ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးများ ဝင်ရောက်ယှဉ်ပြိုင်သည်။ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ထက်ထက်က ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး စတင်ယှဉ်ပြိုင်ရာ ဆုရရှိသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲနှင့် တာဝန်ရှိသူများက ဆုနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ချီးမြှင့်သည်။

**မြို့နယ်(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ စံပြမိခင်ရွေးချယ်

**နတ်မောက် ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးစိုးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အကဲဖြတ်အမှတ်ပေးကြပြီး စံပြမိခင်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**





## မိုင်းဖြတ်မြို့နယ်၌ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**မိုင်းဖြတ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အထက(မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ကျင်းပရာ ကျောင်းသားကျောင်းသူ ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲကို ဒီဇင်ဘာ ၃၀ ရက်က ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။ **ဒီပါလင်း**

## ဥတ္တရသီရိမြို့နယ်လုံးဆိုင်ရာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေဟင်္သာကျောင်းတိုက်တွင် နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်သည်။



အခမ်းအနားတွင် သံဃာတော် အရှင်သူမြတ်များထံသို့ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တတေဇောဘာသထံမှ သာဓုအနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေပြီး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက အလှူရှင်များအား ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်များ ပေးအပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## အိမ်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲရုံသုံးပစ္စည်းများ ထုတ်ပေး

**အိမ်မဲ ဒီဇင်ဘာ ၃၀**

အိမ်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲရုံသုံးပစ္စည်းများ တာဝန်ရှိသူများထံ ထုတ်ပေးခြင်းများကို ဒီဇင်ဘာ ၂၉ ရက်က စတင်ကာ ထုတ်ပေးလျက်ရှိသည်။



မဲရုံသုံးပစ္စည်းများကို မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ဆွေသက်နှင့် ဝန်ထမ်းများက နယ်မြေ(၂)နှင့် နယ်မြေ(၅)တို့မှ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ ထုတ်ပေးလျက်ရှိပြီး ကျန်ရှိသော နယ်မြေ(၁)၊ (၃)၊ (၄)တို့အား ဒီဇင်ဘာ ၃၀ ရက်တွင် ဆက်လက်ထုတ်ပေးမည်ဖြစ်သည်။

အိမ်မဲမြို့နယ်သည် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အိမ်မဲမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၀၂ အုပ်စု၊ မဲရုံစုစုပေါင်း ၁၁၂ ရုံရှိကြောင်း သိရသည်။ **ချစ်သက်လယ်(အိမ်မဲ)**

## ကိုကိုးကျွန်းမြို့နယ်၌ "ဒို့အတူတူ မဲပေးကြမယ်"လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကိုကိုးကျွန်း ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများအားလုံး ပါဝင်မဲပေးနိုင်ရေး "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၌ မြို့နယ်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပါဝင်သည့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်း ထုတ်ပြန်ကြေညာ



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာခြင်းကို ဒီဇင်ဘာ ၂၃ ရက်က ရပ်ကွက်များအလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ကပ်ထားကြေညာပေးသွားမည်ဖြစ်သည်။

**မြင့်မြင့်ရီ**

## ကော့မှူးမြို့၌ မီးခိုးမြူငွေ့လျှော့ချခြင်းဆိုင်ရာ အသိပညာပေး

**ကော့မှူး ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(ကော့မှူး)၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးမှူး ဦးလှမင်းက သစ်တောများက ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများနှင့် ကျေးရွာပိုင် တစ်အုပ်တစ်မစိုက်ခင်းများ၊ တစ်အိမ်ထောင်လျှင် နှစ်ရှည်ပင် တစ်ပင်နှုန်း စိုက်ပျိုးသွားရန် ဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မင်းဝေက မီးဘေးလုံခြုံရေးကိစ္စများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်နိုင်က စိုက်ပျိုးရေးသုံး စွန့်ပစ်ပစ္စည်းများ စနစ်တကျထိန်းချုပ်စွန့်ပစ်ရေး ကိစ္စရပ်များများအား ဆွေးနွေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**



## ကျောက်မဲမြို့၌ ရွေးကောက်ပွဲလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**ကျောက်မဲ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ရပ်ကွက်၊ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်အိဇာနည်ကျော်က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်းလိုက်ဆောင်ရွက်မည့် အခြေအနေ၊ တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာပြီးစီးမှုအခြေအနေ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။ တစ်ရက်တာဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၅ ဦး တက်ရောက်သည်။**ခရိုင်(ပြန်/ဆက်)**



## မောက်မယ်မြို့နယ်၌ မဲဆန္ဒရှင် အမှတ်စဉ်နံပါတ်များ ဝေငှ

**မောက်မယ် ဒီဇင်ဘာ ၃၀**

မောက်မယ်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)နှင့်ပတ်သက်၍ဈေးတန်းရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများ၏ အမှတ်စဉ်နံပါတ်များ ဝေငှခြင်းကို မြို့လယ်ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်သည်။ **စိုင်းမျိုးသန့်(မောက်မယ်)**



## မိုင်းယောင်းမြို့၌ အသိပညာပေးဟောပြောပွဲကျင်းပ

**မိုင်းယောင်း ဒီဇင်ဘာ ၃၀**

မိုင်းယောင်းမြို့နယ် အမှတ်(၈) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ကင်းစင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် လူငယ်ရေးရာ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**



## ကဝမြို့နယ်၌ လွတ်လပ်ရေးနေ့ လက်ကမ်းစာစောင်ဖြန့်ဝေ

**ကဝ ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လွတ်လပ်ရေးနေ့ သတင်းစကား လက်ကမ်းစာစောင်များကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(ကဝ)၌ ကျောင်းသားကျောင်းသူများ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးသည်။

အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် နိုင်ငံအကြီးအကဲများ၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ကဗျာ၊ ကာတွန်း၊ ဆောင်ပုဒ်များ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

# ဒက္ခိဏသီရိ၌ သာသနာလင်္ကာရ(သာမဏေကျော်) စာမေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် သာသနာလင်္ကာရဗိမာန်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် သာသနာလင်္ကာရ(သာမဏေကျော်) စာမေးပွဲကို ဒီဇင်ဘာ ၃၀ ရက်က စတင်ဖြေဆိုသည်။(ယာပုံ)

အဆိုပါသာမဏေကျော် စာမေးပွဲတွင် ဝိနည်းဘာသာရပ်၊ ပထမဆင့်၊ ဒုတိယဆင့်နှင့် တတိယဆင့်တို့တွင် သာမဏေနှင့် သီလရှင် စုစုပေါင်း ၁၉၆၁ ပါး ဖြေဆိုကြရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်အောင်မြင်၊ လေးကျွန်းရန်နိုင်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးပြီး လယ်ဝေးမြို့နယ် မှန်တောကျေးရွာအနီးတွင် မြေသားရိစာလမ်းနှင့် သက္ကယ်ချင်း



ကျေးရွာအုပ်စု မှန်တောကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

# ကော့မှူး၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲကျင်းပ

**ကော့မှူး ဒီဇင်ဘာ ၃၀**

တွံတေးခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့ ကြီးမှူးကျင်းပသော (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက မိခင်နှင့်ကလေးငယ်များအား အသက်အရွယ်အလိုက် အာဟာရဖြည့်စွက်စာများ စားသုံးကြရန်၊ မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးကြရန်နှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကလေးငယ်များနှင့် သားကောင်းမိခင်များအား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်သည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းရှိ မူကြိုကလေးများအား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နို့ပေါင်မုန့် အာဟာရ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# သံဖြူဇရပ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သံဖြူဇရပ် ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၈)နှစ် မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့မွန်းလွဲပိုင်းက သံဖြူဇရပ်မြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ဖြန့်ဝေပေးခဲ့သည်။

လက်ကမ်းစာစောင်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်၊ လွတ်လပ်ရေး၏အဓိပ္ပာယ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအကျဉ်း၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်၊ လွတ်လပ်ရေးနှင့်သက်ဆိုင်သည့် ကဗျာ၊ ကာတွန်းများ ထည့်သွင်းဖော်ပြထားသည်။

အဆိုပါ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာအုပ်စု၊ ဈေးပိုင်းကျေးရွာနေ နန်းအိအိမွန်၏ မိခင် ဒေါ်ဒိုင်ဆိုင်း(ခ) ဒေါ်ဒိုင်စိုင်း ၁/မကန(နိုင်)၀၈၂၀၇၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဒိုင်ဆိုင်း (ခ) ဒေါ်ဒိုင်စိုင်း

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 9V/65597, Yangon Wuling Diesel ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာ ၁၄/ကပန(နိုင်)၁၄၂၂၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

**အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**




■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာမီရောက်ရှိမည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု အစီအစဉ်အဖြစ် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် (သောကြာနေ့)ညတွင် Nothern Star Bandနှင့်အတူ ကချင်တိုင်းရင်းသား/သူတေးသံရှင်များ စုပေါင်းသီဆိုမည့် **"မနော့မြေက တေးသံသာ"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၂-၁-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "မနော့မြေက တေးသံသာ" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ကောက်သစ်စားပွဲ | တိုင်းရင်းသူအဆိုရှင် |
| ၂။ | ဂျိန်းဖော | တိုင်းရင်းသူအဆိုရှင် |
| ၃။ | ကချင်မြေကို မခွဲချင် | တိုင်းရင်းသားအဆိုရှင် |
| ၄။ | အန်းထယ်မြစ်ကြီးနား(ဒို့ရဲ့မြစ်ကြီးနား) | တိုင်းရင်းသားအဆိုရှင် |
| ၅။ | ကချင်သားလေးရှိရာမြေလာခဲ့ပါ | တိုင်းရင်းသားအဆိုရှင် |
| ၆။ | ဘွမ်ရှီ(လေပြေ) | တိုင်းရင်းသူအဆိုရှင် |
| ၇။ | Stand By Me | တိုင်းရင်းသားအဆိုရှင် |
| ၈။ | စန်ငျါတင်န်(ဝေးနေချိန်) | တိုင်းရင်းသားအဆိုရှင် |
| ၉။ | မြစ်ကြီးနားက ကြိုနေမယ် | တိုင်းရင်းသားအဆိုရှင် |
| ၁၀။ | ရှောင်("မ") | တိုင်းရင်းသားအဆိုရှင် |
| ၁၁။ | မမေ့နိုင်တဲ့မြေ | တိုင်းရင်းသားအဆိုရှင် |
| ၁၂။ | ကချင်မြေကိုလာပါ | တိုင်းရင်းသား/သူများအဖွဲ့ |

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၅၆၄) ဟုခေါ်တွင်သော မြေအလျားXအနံ (၄၀X၆၀) ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမောင်ညွန့် (၁၂/မဂဒ(နိုင်)၀၁၉၃၅၅) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ကျော်စိုး (၁၂/ကမရ(နိုင်)၀၄၅၆၈၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇

## ဖခင်နှင့်သားအမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော် ခရိုင်၊ကျောင်းကုန်းမြို့၊ အမက မြို့မ Grade-4 တွင် ပညာသင်ယူနေသည့် မောင်ကောင်းခန့်ချို၏ အမည်မှန်မှာ မောင်ကောင်းခန့်မျိုး ဖြစ်ပြီး ၎င်းဖခင်၏အမည်မှန်မှာ ဦးမျိုးဝင်းလတ် ၁၄/ကကန(နိုင်)၁၀၆၇၁၀ ဖြစ်ပါကြောင်း။ **ဖခင်-ဦးမျိုးဝင်းလတ်၊ သား-မောင်ကောင်းခန့်မျိုး**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ မဂ္ဂဘင်းကျေးရွာနေ (ဘ) ဦးမြင့်ကို၏သမီး မသော်တာဇူးဇင် ၇/ကဝန(နိုင်)၂၅၃၅၂၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၁-၂၀၀၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ စည်သာယာနေ (ဘ) ဦးထင်ကျော်၏ သမီး မလှယမုံ ၉/ပသက(နိုင်) ၁၂၄၇၀၃ ၏ နိုင်ငံကူးလက်မှတ် MG-230998 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၅၄၈၂၈၀၈**

## မွေးသက္ကရာဇ်အမှန်

သဲကုန်းမြို့နယ်၊ချောင်းကမ်းကြီးအုပ်စု၊ ချောင်းကမ်းကြီးရွာနေ ဦးတင့်ဆွေ(ဘ) ဦးညွန့်လှိုင် ၇/သကန(နိုင်)၀၃၈၅၉၆ ၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၉-၁၉၇၀) ဖြစ်ပါကြောင်း။

**ဦးတင့်ဆွေ**
**၇/သကန(နိုင်)၀၃၈၅၉၆**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၃၀-ဃ)၊ မြေဧရိယာ (၀ဒသမ၁၁၉)ကေရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်မေဖြိုးထွန်း ၁၂/ကမရ(နိုင်)၀၅၄၀၀၀ က ဦးပိုင်ခွဲ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဦးနေမျိုးသွေး (၇/ပခတ (နိုင်) ၀၉၄၄၀၂) (ဘ) ဦးမျိုးမြင့်ထွန်း သိရှိစေရန် ကြေညာခြင်း

ECO FRIENDLY TOWER CO., LTD. ၏ Admin Officer ဦးနေမျိုးသွေး သည် လုပ်ငန်းတာဝန်အရ လက်ဝယ်ထားရှိသော ကုမ္ပဏီပိုင်ငွေကြေးများ ယူဆောင်၍ လုပ်ငန်းနှင့်ကင်းကွာလျက်ရှိခြင်းကြောင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ကုမ္ပဏီ၏ HR & ADMIN DEPARTMENT နှင့် ဆက်သွယ်စာရင်းရှင်းလင်းဆောင်ရွက်ပါရန် အသိပေးပါသည်။ ပျက်ကွက်ပါက တရားဥပဒေပါ နည်းလမ်းများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်ကို သိစေလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ခင်မောင်ငွေး**
**(စဉ်-၃၅၃၁/၈၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၆)၊ မြေညီထပ်၊ ၄၁-လမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၂၄၀၃၆၊ ၀၁-၈၃၉၀၅၆၅**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ် ရွာသာယာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade 10 (သင်ဆဲ)မထွန်းအိန္ဒြာဦး ၏ဖခင် ဦးထွန်းထွန်းဦး၏ အမည်မှန်မှာ ဦးထွန်းထွန်းကို ၈/မဘန(နိုင်) ၀၇၅၁၁၅ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းကို**

## အမည်မှန်

သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်၊ အထက(ခွဲ) (မန်း-သံပုရာကန်ကျောင်း) Grade 10 တွင် ပညာသင်ကြားနေသော ဦးဝင်းဇော်ငွေး ၈/မကန(နိုင်) ၀၀၄၂၉၅ ၏သမီး မလင်းလဲ့အိမ်၏ အမည်မှန်မှာ မလင်းလက်အိမ် ဖြစ်ပါကြောင်း။

**မလင်းလက်အိမ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁ )၊ လူနေရပ်ကွက်အမှတ်( ၁ )၊ မြေကွက်အမှတ်( ၁ဂ၅၆/ခ )၊ အလျား× အနံ (၂၀' × ၆၀')ပေ၏ မခွဲမစိတ်ရသေးသည့်အစိတ်အပိုင်း အလျား× အနံ (၁၀' × ၆၀')ပေရှိ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ်(၁ဂ၅၆/ခ)၊ ရွှေမေတ္တာအတွင်းလမ်း၊ ၁/အနော်မာ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အဦးအပါအဝင် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးသည် မြို့မြေစာရင်းတွင် ဒေါ်အလီမာ အမည်ပေါက်တည်ရှိပြီး၊ ဦးလှမြင့်(၁၂/သကတ(နိုင်)၁၁၉၄၈၄)နှင့် ဒေါ်အေးသန်း(၁၂/သကတ(နိုင်)၀၂၈၀၈၅)တို့က လက်ရှိစီမံခန့်ခွဲပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူများထံမှ ကျွန်တော်၏မိတ်ဆွေများကအပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးစောတာကပေါ (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂၄

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျွန်းချောင်းကျေးရွာအုပ်စု၊ ဗျိုင်းကွင်းရွာနေ (ဘ) ဦးပြည့်ဖြိုးဝင်း ၇/ကတခ(နိုင်)၁၃၁၇၂၆ (မိ)ဒေါ်ပပခိုင် ၇/ကတခ(နိုင်)၁၂၀၅၁၃ တို့၏သား မောင်ကောင်းထက်ဖြိုး(ခ)ကောင်းကောင်းသည် မိဘအဘိုးအဘွားတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောအလျောက်နေအိမ်မှထွက်သွားပြီး မိဘဘိုးဘွားများကို စိတ်ဆင်းရဲသောကရောက်အောင်ပြုမူသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက် သောကိစ္စအဝဝ၊ မည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးဝင်း-ဒေါ်ပပခိုင်**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ ၃၁ ရက်)

၁။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၈၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဌ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၂) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (**၉၈၁၈၁၆**) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ် သန်း (**၉၈၁၈.၁၆၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၆၈၇၂.၇၁၂**) ဖြစ်ပါသည်။ (၈၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၄၄၈**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၆၈၇၃.၁၆၀**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၂) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၂) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၆) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၁၂) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၃) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၅) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၉) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၂၁) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၈၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၆၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၂၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၈၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁-၂၀၂၆) ရက်နေ့ (ကြာသပတေးနေ့)၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၂၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆု ထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/3399, Mitsubishi Fuso FK71HH, Truck (4x2)CR ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းငွေး ၁၂/ထတပ(နိုင်) ၁၀၅၈၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9V/66424, Yangon Wuling Diesel ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၁၄/ကပန(နိုင်)၁၄၂၂၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ မင်းဘူးလမ်း၊ မြေကွက်အမှတ် (၁၂၉၄)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးကြည်ဝင်း (TKA-၀၃၃၉၆၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းထွန်း (၁၂/လကန (နိုင်) ၁၆၈၅၅၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် -၄၁၊ နည်းဥပဒေ -၁၄)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် -၈၅၄

| | | |
|---|---|---|
| Family United Power Group of Co,Ltd(ကုမ္ပဏီ၏ တာဝန်ပေးအပ်ခြင်းခံရသူ ဦးထွန်းထွန်းဦး) | နှင့် | ၁။ ဦးစိုးသီဟံ<br>၂။ ဦးစန်းဝင်း<br>၃။ နေမင်းရောင်ဆောက်လုပ်ရေး |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၃ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၃၁၈ ၏၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊(၁၀)ရပ်ကွက်၊ အထူး(၄) လမ်း၊ အမှတ်(၆၆) နေ အမှတ် (၁) အယူခံတရားပြိုင် ဦးစိုးသီဟံနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာဃ (၁၂) လမ်း၊ အမှတ်(၈၅၁/က)နေ အမှတ် (၂) အယူခံတရားပြိုင် ဦးစန်းဝင်း (ယခုလိပ်စာ မသိသူများ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( နန်းဇင်မင်းထက် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ (၄) လမ်း၊ မြေကွက်အမှတ် (၁၈၂) သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်အေး ၁၂/သဃက(နိုင်)၀၅၅၇၂၂ နှင့် ဦးမြင့်စိုး ၁၂/သဃက(နိုင်)၀၅၄၃၄၉ တို့နှစ်ဦးပူးတွဲအမည်ဖြင့် နှစ် (၆၀) မြေငှားဂရန်ရရှိထားပြီး ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ (၃) ထပ်ခွဲတိုက်၏ တိုက်အမှတ်(၁၈၂)၊ မြေညီထပ်(A)၊ ခေါင်းရင်းခန်း(တိုက်မျက်နှာမူလျှင်-ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ ဒသမ ၅'x၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ဦးမြင့်စိုး ၁၂/သဃက(နိုင်)၀၅၄၃၄၉ ပိုင်ဆိုင်သည့် မြေပိုင်ဆိုင်မှုတစ်ဝက်တိတိနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေငှားဂရန်မူရင်းနှင့်တကွ ဒေါ်စိန်အေး ၁၁/ပဏတ(နိုင်)၀၄၈၉၁၅ က ဝယ်ယူပိုင်ဆိုင်အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့် ပက်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသူဇာအောင် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)**
**အမှတ်(၇၇)၊ ဦးပုညလမ်းနှင့် ဗိုလ်ကြာညွှန့်လမ်းထောင့်၊**
**(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၄၅၉၆၈၃၀**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၈၄၃၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၇၇၉၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ပျဉ်းမကုန်းအုပ်စု၊ ပျဉ်းမကုန်းရွာနေ ဦးသိန်းဆင့်၏ သမီး ဒေါ်ကြည်ကြည်စန်း ၁၂/ တကန(နိုင်)၀၀၄၄၅၉ ၏ အမည်မှန်မှာ ဒေါ်ကြည်ကြည်စမ်း ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ တော်လတီအုပ်စု၊ တော်လတီရွာနေ ဦးထွန်းဝင်း၏ သမီး ဒေါ်မို့မို့ဝင်း ၁၂/တကန(နိုင်)၀၁၁၅၄၃၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၀-၁၉၆၇ ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ပျဉ်းမကုန်းအုပ်စု၊ ပျဉ်းမကုန်း(၂)လမ်းနေ ဦးအောင်မြင့်၏သမီး ဒေါ်သင်းသင်းမာ ၁၂/တကန(နိုင်)၀၂၀၃၅၃၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၅-၁၉၆၈ ဖြစ်ပါကြောင်း။

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၈၁၉၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၄၈၈၇၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ လူနေရပ်ကွက်အမှတ် (၁၂)၊ မိဂသီ (၁၉) လမ်း၊ မြေကွက်အမှတ် (၂၆၇) ဟုခေါ်တွင်သော နှစ် (၆၀) မြေငှား ဂရန်မူရင်းတွင် ဒေါ်ခင်လှ+ဒေါ်သိန်းနု အမည်ပေါက်ပိုင် အလျား ပေ ၆၀၊ အနံ ပေ ၄၀၊ ဧရိယာ (၂၄၀၀) စတုရန်းပေ မြေကွက်အနက် ဒေါ်သိန်းနုပိုင်ဆိုင်သည့် အလျားပေ ၆၀၊ အနံ ၁၅ ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကွယ်လွန်သူ အမွေရှင် ဒေါ်သိန်းနု၏ အမွေဆက်ခံသူများဖြစ်သော ဒေါ်မိုးမိုး ၃/ကကရ(နိုင်)၁၁၄၁၅၀ နှင့် ဦးသန့်ထူးစံ ၁၂/ဥကတ(နိုင်)၂၀၆၃၅၇ တို့မှ ရောင်းချပြီး ဖြစ်ပါသည်။ ထိုသို့ရောင်းချခဲ့သည့်အပေါ် ထိုအိမ်မြေနှင့် သက်ဆိုင်ခြင်းမရှိသောသူများမှ ကန့်ကွက်နေသည့်အပေါ် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သက်ဆိုင်ခြင်းမရှိသူများ၏ ကန့်ကွက်မှုကြောင့် ကျွန်ုပ်မိတ်ဆွေများတွင် နစ်နာဆုံးရှုံးမှုများဖြစ် ပေါ်လာပါက ယင်းနစ်နာမှု အဝဝအား ကန့်ကွက်သူများမှ တာဝန်ယူပေးလျော်ရမည်ဖြစ်ကြောင်းနှင့် ထပ်မံ၍ နှောင့်ယှက်ကန့်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၉၈/၁၂-၁၀-၂၀၁၇)**
**အမှတ်(၃၃၁)၊ သီလ(၁၀)လမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ် (မြောက်ပိုင်း) အိမ်ရာ၊ မြေတိုင်းရပ်ကွက် အမှတ် (V-1) ၊ မြေကွက် အမှတ်(V-1/၄)၊ နှစ် (၃၀) မြေငှားစာချုပ်၊ ဧရိယာ ၀ ဒသမ ၂၂၉၆ အမည်ပေါက် ဒေါ်ခင်မြဦး ၇/ပမန(နိုင်)၀၁၂၃၄၆ ဖြစ်ပါသည်။ အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ၃၈၇၁/၂၀၂၁ ရရှိသူ ဦးရှိန်းမာန် ၅/တမန(နိုင်)၀၂၉၆၆၃ မှ တရားလွှတ်တော်ကျမ်းကျိန်အမှတ် ၅၇၀၆/၂၀၂၅ ရက်စွဲ ၁၅-၁၂-၂၀၂၅ အားတင်ပြ၍ ဤဌာနသို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြင်ဦးလွင်ခရိုင်**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ (၉) လမ်း၊ ကွင်းအမှတ် (၄၉၇)၊ ဦးပိုင်အမှတ် (စ/၁၂၄) ဦးလှမြင့် အမည်ပေါက် ဂရန်/ပုံစံ (၁၀၅) မိတ္တူ၊ စလစ်မူရင်း၊ ဧရိယာပေ (၆၀x၄၀) အတွင်းမှ အနောက်ဘက်ဆုံးခြမ်းပေ (၂၁x၄၀) မြေနှင့်မြေပေါ်ရှိ (၁) ထပ်ခွဲတိုက် (ရေ+မီး)အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသည့် ဦးဟိန်းထွဋ် (ဘ) ဦးတေဇလှိုင် ၉/ခအဇ(နိုင်)၀၃၆၉၃၄ ထံမှ ၁။ ဦးသီဟအောင်၉/ခအဇ(နိုင်)၀၀၆၈၀၁၊ ၂။ ဒေါ်မျိုးမီမီဇော်၉/ခအဇ(နိုင်)၀၁၇၈၅၆ သည် ဝယ်ယူရန်အတွက် စရန်ငွေကျပ်(၁၄၀,၀၀၀,၀၀၀/-) (ငွေကျပ်သိန်းတစ်ထောင့် လေးရာတိတိ)ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့်တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှ တစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်တောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**၁။ ဦးသီဟအောင် ၂။ ဒေါ်မျိုးမီမီဇော် တို့၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်မို့မို့ဝင်းLL.B, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၁)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့**
**ဖုန်း-၀၉-၄၅၆၀၀၀၂၅၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ ကွင်းအမှတ် (၄၉၇)၊ ဦးပိုင်အမှတ်(က/၆၈) ဦးရဲမြင့် အမည်ပေါက် ဂရန်မူရင်း၊ ပုံစံ (၁၀၅) မိတ္တူ၊ ဧရိယာပေ(၆၀'x၄၀')၏ အရှေ့ဘက်ခြမ်း ပေ (၄၀'x၄၀') အတွင်းမှ အနောက်ဘက်ခြမ်း (၁၅'x၄၀') ပေ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသည့် ဒေါ်သီသီအောင် (ဘ) ဦးအောင်စိုး ၉/မနတ(နိုင်)၀၁၁၈၆၀ ထံမှ ဒေါ်စပယ်အောင် (ဘ) ဦးဝင်းအောင် ၉/ခမစ(နိုင်)၀၁၅၃၇၉ သည် ဝယ်ယူရန်အတွက် စရန်ငွေကျပ်(၃၁,၀၀၀,၀၀၀/-) (ငွေကျပ်သိန်းသုံးရာ့တစ်ဆယ်တိတိ)ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှ တစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်စပယ်အောင်၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်မို့မို့ဝင်း LL.B ,D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇၁)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့**
**ဖုန်း-၀၉-၄၅၆၀၀၀၂၅၆**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း) အိမ်ရာ၊ မြေတိုင်းရပ်ကွက် အမှတ် (V-1)၊ မြေကွက်အမှတ် (V-1/၅)၊ နှစ် (၃၀) မြေငှားစာချုပ်၊ ဧရိယာ၀ ဒသမ ၂၂၉၆၊ အမည်ပေါက် ဒေါ်ခင်မြဦး ၇/ပမန(နိုင်)၀၁၂၃၄၆ ဖြစ်ပါသည်။ အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ၃၈၇၂/၂၀၂၁ ရရှိသူ ဦးရှိန်းမာန် ၅/တမန(နိုင်)၀၂၉၆၆၃ မှ တရားလွှတ်တော်ကျမ်းကျိန်အမှတ် ၃၇၉၂/၂၀၂၅ ရက်စွဲ ၁၅-၁၂-၂၀၂၅ အား တင်ပြ၍ ဤဌာနသို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြင်ဦးလွင်ခရိုင်**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၇)၊ ဦးပိုင်အမှတ် (၇၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိမြေကွက်သည် တပ်ကြပ် ဉာဏ်မြင့် (ခ) ဦးဉာဏ်မြင့် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်ကို တပ်ကြပ်ဉာဏ်မြင့် (ခ) ဦးဉာဏ်မြင့် ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးဝင်းပိုင် နှင့် ဦးအောင်နိုင်ထွန်း တို့က အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေးချုပ်ဆိုပေးပါမည်ဟု ကတိပြုထားခဲ့၍ ဤကြေညာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်တွင် လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း တပ်ကြပ် ဉာဏ်မြင့်(ခ) ဦးဉာဏ်မြင့်နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးဟန်ဝင်းအောင် (စဉ်-၉၇၀၀/၂၇-၂-၂၀၀၄)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၃၀၆၀၃၁၀**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ခခ-၃)၊ ဦးပိုင် အမှတ်(၈)၊ ဧရိယာ၀ ဒသမ ၀၅၅ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်ခင်သန်းဆွေ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်အား ဒေါ်ခင်သန်းဆွေ(၎င်း၏ အထူးကိုယ်စားလှယ်စာရသူဦးစိုင်းနော်ခေး)ထံမှကျွန်ုပ်မိတ်ဆွေများဖြစ်သော ၁။ ဦးကျော်ကျော်နိုင် ၂။ ဒေါ်ခင်စန္ဒာကြည်တို့က အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ် ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစပြီး (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ခြင်း မရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဒေါ်ခင်သန်းဆွေ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူဦးစိုင်းနော်ခေး)နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B ( Advocate ) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၇၅)**
**၆၅x၆၆လမ်းကြား၊ ရေနီမြောင်းလမ်း၊ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၅၉၆၅၁**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၁၂)၊ ဦးပိုင်အမှတ် (၇၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်ဝင်းဝင်းသန့် အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်အား ဒေါ်ဝင်းဝင်းသန့် (၎င်း၏ အထူးကိုယ်စားလှယ် စာရသူ ဒေါ်နီနီဝင်း) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဂါနာရှမ်းက အရောင်းအဝယ် အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီးလက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေးချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစပြီး ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ခြင်း မရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဒေါ်ဝင်းဝင်းသန့် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်နီနီဝင်း)နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B (Advocate ) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၇၅)**
**၆၅x၆၆လမ်းကြား၊ ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၅၉၆၅၁**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဗ-၁၆)၊ ဦးပိုင်အမှတ် (၄-ခ)၊ ဧရိယာ ပေ (၂၀x၃၀) အကျယ်အဝန်းရှိ စလစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်များအပါအဝင် ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ဦးလှမြင့် အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်ကို အဆင့်ဆင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ အပြေအကြေ ပေးချေပြီး ဖြစ်ပါသည်။

အထက်ပါ ရောင်းချသည့် စလစ်မြေကွက်နှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတွင် (၁၀၅)၊ (၁၀၆) မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်း၊ အခွန်ဆောင်ခြင်း၊ ဂရန်လျှောက်ထားခြင်းများ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီ မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက သက်ဆိုင်ရာရုံးဌာန အသီးသီးတို့တွင် မြေပုံမြေရာဇဝင်ရေးဆွဲခြင်း၊ အိမ်ဆောက်မိန့်လျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းအေး အထက်တန်းရှေ့နေ (စဉ်-၅၂၁၅၀)**
**(၅၅)လမ်း၊ (၁၀၈)လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၅၁၁၁၂၂၃၊ ၀၉-၄၅၂၂၂၈၈၂၃**

---

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/10715 Honda Wave Alpha 100 M/C ယာဉ်လက်ဝယ်ရှိသူဦးခင်ဇော်ဦး ၃/ဖပန(နိုင်)၀၂၁၃၉၆ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/9868 Nissan DIESEL CW 610 ၊ DUMP TRUCK ယာဉ်လက်ဝယ်ရှိသူ မအိအိမော် ၃/ဘအန(နိုင်)၀၀၁၁၄၄ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ) တွင် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၄၃၃၆ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၃/ကဆက(နိုင်)၀၄၁၅၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၄၈၈၂၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရည်ရည်မွန် ၁၀/ရမန(နိုင်)၀၉၄၀၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၅၁၉၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခရေဦး ၁၀/ရမန(နိုင်)၁၈၆၉၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၅၃၃၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းထွန်း ၁၀/မလမ(နိုင်)၀၀၄၂၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## မြေနှင့်အိမ် အပြီးအပိုင်ဝယ်ယူပြီးစီးကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဇေယျာ(၁၄)နယ်မြေရှိ အကွက်အမည်- ၉-ည (အောင်ဇေယျာ)၊ ဦးပိုင်အမှတ် (၅၁)၊ အကျယ်အဝန်း (၆၆ x ၈၄) ပေရှိ ဒေါ်နေဒ်အဲလစ် မြေခွန်အမည်ပေါက် မြေကွက်သည် ဒေါ်နေဒ်အဲလစ်၏ ညီမဖြစ်သူ ဒေါ်နေဒ်ဂရေ(စ်) ၉/မနတ(နိုင်)၀၂၃၀၀၈ မှ အမွေရ ပိုင်ဆိုင်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (၂၁၅၆) ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နေဒ်ဂရေ(စ်) မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဥမ္မာဝင်း ၉/မထလ(နိုင်)၀၀၀၈၃၄မှ အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| ဝယ်ယူသူ | ဒေါ်လှသဇင်ခိုင် (LL.B) |
| ဒေါ်ဥမ္မာဝင်း | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၂၅) |
| ၉/မထလ(နိုင်)၀၀၀၈၃၄ ၏ | အောင်ဇေယျာ(၁၃)နယ်မြေ၊ မိတ္ထီလာမြို့ |
| လွှဲအပ်ညွှန်ကြားချက်အရ | ဖုန်း-၀၉-၄၀၂၆၈၅၃၂၁ |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ (၂၈) လမ်း၊ တိုက်အမှတ်(၁၁၇)၊ အခန်းအမှတ်(၁)၊ မြေညီထပ်၊ အကျယ်အဝန်း (၁၂ ½ ပေ Xပေ၅၀) ရှိ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးကြည် (G/RGN-006056) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမွန်လတ် ၁၂/ဒလန(နိုင်)၀၆၅၃၁၈ က အပြီးအပိုင် ဝယ်ယူငွေပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဆုမွန်လတ် တစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးတင်မောင်သိန်း(B.A,R.L) | ဦးကျော်မင်းထွန်း(LL.B) |
| (စဉ်-၅၃၃၈) | (စဉ်-၈၆၇၆) |
| ဖုန်း-၀၉-၅၀၇၆၁၅၈ | ဖုန်း-၀၉-၅၀၉၂၆၀၄ |

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၁၅၇)၊ A-၃၊ ဒုတိယထပ်၊ ၂၈ လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

